# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ဆဋ္ဌမပုံမှန်အစည်းအဝေး
# စတုတ္ထနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၅ | ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း | ၅ |
| ၆ | အရှုံးပေါ်၍ ရပ်ဆိုင်းထားသော ဓာတ်မြေသြဇာစက်ရုံများကို ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ပူးပေါင်းပြီး ဓာတ်မြေသြဇာများကို ပြန်လည်ထုတ်လုပ်နိုင်ရန် ဆောင်ရွက်နေခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၅ |
| ၇ | ပြည်တွင်းသုံးစွဲရန် ပို့လွှတ်ထားသော သဘာဝဓာတ်ငွေ့အပေါ်အခြေခံပြီး ချုပ်ဆိုထားသော စာချုပ်များအရ ထားဝယ်ခရိုင် လျှပ်စစ်မီးရရှိရေးအတွက် မည်ကဲ့သို့စီမံဆောင်ရွက်ထားသည်နှင့် စပ်လျဉ်းသည့်မေးခွန်း | ၉ |
| ၈ | မြန်မာနိုင်ငံ၏အဓိကနယ်စပ်ကုန်သွယ်ရေး မြို့များဖြစ်သော မူဆယ်နှင့် မြဝတီမြို့များတွင် လေယာဉ် ကွင်းဆောက်လုပ်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၉ | ပြည်တွင်းရှိ ကမ်းရိုးတန်းနှင့် မြစ်ချောင်းများအတွင်း ပို့ဆောင်ရေးလုပ်နေကြသော ရေယာဉ်များ၏ အင်ဂျင်မြင်းကောင်ရေ အင်အားကို (၂၀) အထိသာလျှင် လိုင်စင်လျှောက်ထားခွင့် တိုးမြှင့်ပြင်ဆင် သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၄ |
| ၁၀ | ပြင်ဦးလွင်အနီးစခန်းလေဆိပ်တွင် လေယာဉ်ခရီးစဉ်ပြုလုပ်ပေးရန်အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၇ |
| ၁၁ | မယ်စဲ့မြို့နယ်တွင် MPT တာဝါတိုင် ထပ်မံတိုးချဲ့တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၂၀ |

| | | |
|---|---|---|
| ၁၂ | ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က လူငယ်လူရွယ်များ အကျင့်စာရိတ္တ ပျက်ပြားစေခြင်း၊ ရပ်ရွာတည်ငြိမ်အေးချမ်းမှုပျက်ပြားစေခြင်းတို့ကြောင့် IT နည်းပညာသုံးစွဲမှုကို လိုအပ်သလို စောင့်ကြည့်ထိန်းကျောင်းနိုင်ရန် (Monitoring) ပြုလုပ်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံး အဖြတ် ရယူခြင်း | ၂၃ |
| ၁၃ | ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က တင်သွင်းသောအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေး လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင်အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း | ၂၉ |
| ၁၄ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော စာရင်းအင်း ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်း နှင့်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂၉ |
| ၁၅ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နား ကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း | ၃၅ |

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး

## စတုတ္ထနေ့ အစီအစဉ်

## [ ၂၅–၁၀–၂၀၁၇ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးနေမျိုးထက်၊ ကျောက်တံတား မဲဆန္ဒနယ်၏ **အရှုံးပေါ်၍ ရပ်ဆိုင်းထားသော ဓာတ်မြေသြဇာ စက်ရုံများကို ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ပူးပေါင်းပြီး ဓာတ်မြေသြဇာများကို ပြန်လည်ထုတ်လုပ် နိုင်ရန် ဆောင်ရွက်နေခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးသက်နိုင်ဦး၊ ရေဖြူ မဲဆန္ဒနယ်၏ **ပြည်တွင်းသုံးစွဲရန် ပို့လွှတ်ထားသော သဘာဝဓာတ်ငွေ့အပေါ် အခြေခံပြီး ချုပ်ဆိုထားသော စာချုပ်များအရ ထားဝယ်ခရိုင် လျှပ်စစ်မီး ရရှိရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးအောင်ကျော်ကျော်ဦး၊ လှိုင် မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံ၏ အဓိက နယ်စပ်ကုန်သွယ်ရေး မြို့များဖြစ်သော မူဆယ်နှင့် မြဝတီမြို့များတွင် လေယာဉ်ကွင်းဆောက်လုပ်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးအုန်းခင်၊ ပုလော မဲဆန္ဒနယ်၏ **ပြည်တွင်းရှိ ကမ်းရိုးတန်းနှင့် မြစ်ချောင်းများတွင် ပို့ဆောင်ရေးလုပ်နေကြသော ရေယာဉ်များ၏ အင်ဂျင်မြင်းကောင်ရေ အင်အားကို (၂၀) အထိသာလျှင် လိုင်စင် လျှောက်ထားခွင့် တိုးမြှင့်ပြင်ဆင်သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာဦးအောင်ခင်၊ ပြင်ဦးလွင် မဲဆန္ဒနယ်၏ **ပြင်ဦးလွင်အနီးစခန်း လေဆိပ်တွင် လေယာဉ်ခရီးစဉ်ပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးသန်းလင်းလင်း၊ မယ်စဲ့ မဲဆန္ဒနယ်၏ **မယ်စဲ့မြို့နယ်တွင် MPT တာဝါတိုင် ထပ်မံတိုးချဲ့တပ်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါ မဲဆန္ဒနယ်က **"လူငယ်လူရွယ်များ အကျင့်စာရိတ္တ ပျက်ပြားစေခြင်း၊ ရပ်ရွာတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေခြင်းတို့ကြောင့် IT နည်းပညာသုံးစွဲမှုကို လိုအပ်သလို စောင့်ကြည့်ထိန်းကျောင်းနိုင်ရန် (Monitoring) ပြုလုပ်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်း နှင့်လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း။

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"စာရင်းအင်း ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်း နှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး
# စတုတ္ထနေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်
## (၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၃၇၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၅.၉၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၇၄ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၅၈ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်း ခွင့် ၁ ရက်၊

(၂) သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ခွင့် ၁ ရက်၊

(၃) မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ခွင့် ၁ ရက်၊

(၄) တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း ခွင့် ၁ ရက်၊

(၅) ထန်းတပင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်း ခွင့် ၁ ရက်၊

(၆) ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး ခွင့် ၁ ရက်၊

(၇) လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးခင်ချို ခွင့် ၁ ရက်၊

(၈) သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် ခွင့် ၁ ရက်၊

(၉) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးကျော်တင့် ခွင့် ၁ ရက်၊

(၁၀) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၁ ရက်၊

(၁၁) ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်း ခွင့် ၁ ရက်၊

(၁၂) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၁ ရက်၊

(၁၃) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင် ခွင့် ၁ ရက်၊

(၁၄) မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး ခွင့် ၁ ရက်၊

(၁၅) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော် ခွင့် ၁ ရက်၊

(၁၆) ကျိုက်မရောမဲဆန္ဒနယ်မှ ဦးစောကျော်ဝင်းမောင် ခွင့် ၁ ရက်၊

(၁၇) ခနောဖြူမဲဆန္ဒနယ် ဦးတင်လှ ခွင့် ၁ ရက်၊

(၁၈) တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၁ ရက်၊

(၁၉) ဟသ်ာတမဲဆန္ဒနယ်မှ ဦးခင်မောင်ရီ ခွင့် ၁ ရက်၊

(၂၀) ကံမမဲဆန္ဒနယ်မှ ဦးစိန်ဟန် ခွင့် ၁ ရက်၊

(၂၁) ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး ခွင့် ၁ ရက်၊

(၂၂) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးဇင်လတ် ခွင့် ၁ ရက်၊

(၂၃) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၁ ရက်၊

(၂၄) ကျိုက်ထိုမဲဆန္ဒနယ်မှ ဒေါက်တာခင်ဆောင် ခွင့် ၁ ရက်၊

(၂၅) တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁ ရက်၊

(၂၆) လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး ခွင့် ၁ ရက်၊

(၂၇) ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင် ခွင့် ၁ ရက်၊

(၂၈) တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့် ခွင့် ၁ ရက်၊

(၂၉) လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင် ခွင့် ၁ ရက်၊

(၃၀) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း ခွင့် ၁ ရက်၊

(၃၁) စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင် ခွင့် ၁ ရက်၊

(၃၂) ရွာတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ခွင့် ၁ ရက်၊

(၃၃) ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ခွင့် ၁ ရက်၊

(၃၄) လောင်းလုံးမဲဆန္ဒနယ်မှ ဒေါ်ခင်စန္ဒီ ခွင့် ၁ ရက်၊

(၃၅) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၁ ရက်၊

(၃၆) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)ဦးအောင်ရွှေ ခွင့် ၁ ရက်၊

(၃၇) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးစိုင်းအိုက်လှ ခွင့် ၃ ရက်၊

(၃၈) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးလွင်မောင်စိုး ခွင့် ၃ ရက်၊

(၃၉) ဆောမဲဆန္ဒနယ်မှ ဦးကျော်တင် ခွင့် ၃ ရက်၊

မူကြမ်း

(၄၀) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၃ ရက်၊

(၄၁) မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)ဦးတင်နုအောင် ခွင့် ၃ ရက်၊

(၄၂) မှော်ဘီမဲဆန္ဒနယ်မှ ဦးအောင်ဝင်း ခွင့် ၃ ရက်၊

(၄၃) မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဖိုးမြတ် ခွင့် ၃ ရက်၊

(၄၄) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၃ ရက်၊

(၄၅) မိုင်းယန်းမဲဆန္ဒနယ်မှ ဦးစိုင်းဆမ် ခွင့် ၃ ရက်၊

(၄၆) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်း ခွင့် ၃ ရက်၊

(၄၇) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၃ ရက်၊

(၄၈) ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးစံခင် ခွင့် ၃ ရက်၊

(၄၉) မံစီမဲဆန္ဒနယ်မှ ဦးချင်းဖေလင်း ခွင့် ၃ ရက်၊

(၅၀) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၃ ရက်၊

(၅၁) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး ခွင့် ၃ ရက်၊

(၅၂) ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင် ခွင့် ၂ ရက်၊

(၅၃) ဗဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့် ခွင့် ၁ ရက်၊

(၅၄) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၁၅ ရက်၊

(၅၅) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၃ ရက်၊

(၅၆) တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့်(ခ)ဦးအောင်ပွင့် ခွင့် ၁၂ ရက်၊

(၅၇) ကျောက်မဲမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအောင် ခွင့် ၁ ရက်နှင့်

(၅၈) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၃ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၅၈ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၆၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃ ဦး၊ ယနေ့

ခွင့်ပြုထားသူ ၅၈ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၆၁ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

## အရှုံးပေါ်၍ ရပ်ဆိုင်းထားသော ဓာတ်မြေသြဇာစက်ရုံများကို ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းပြီး ဓာတ်မြေသြဇာများကို ပြန်လည်ထုတ်လုပ်နိုင်ရန် ဆောင်ရွက်နေခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနေမျိုးထက်(ကျောက်တံတားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံသည် တစ်ချိန်က ပြည်ပသို့ ဆန်တင်ပို့မှုအများဆုံးဖြစ်ခဲ့ပါသည်။ ယခုအခါ နည်းပညာနှင့် အခြားလိုအပ်ချက်များ စံချိန်ကိုမမီနိုင်ခဲ့ပါ။ စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်သည့်အားလျော်စွာ လယ်ယာထွက်ကုန်တိုးတက်မြင့်မားရေးအတွက်လည်း မဖြစ်မနေ လိုအပ်သော ဓာတ်မြေသြဇာကို နိုင်ငံခြားငွေသုံး၍ ပြည်ပမှဝယ်ယူတင်သွင်းနေရသည့်အစား သွင်းကုန်အစားထိုးသည့်အနေဖြင့် ပြည်တွင်းမှာအဆင်သင့်ရှိနေသော ဓာတ်မြေသြဇာစက်ရုံများအား လိုအပ်တဲ့နည်းပညာနှင့် အရင်းအနှီးများကို ပြည်တွင်းနှင့်ပြည်ပကုမ္ပဏီများပူးပေါင်း၍ အဆင့်မြှင့်တင်ရန် ပြုပြင်တည်ဆောက်ပြီး ထုတ်လုပ်ဖြန့်ဖြူးရန်အထူးလိုအပ်ပါတယ်ခင်ဗျား။

ဒါကတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ ဓာတ်မြေသြဇာစက်ရုံငါးရုံပါ။ (၁) စလေစက်ရုံပေါ့နော်။ စလေကတော့ A နဲ့ B ကတော့ စလေပါ။ (၂) ကတော့ ကျွန်းချောင်းနဲ့ (၃) ကတော့ ကျော်စွာ။ (၂)နဲ့ (၃) ကတော့ ရပ်ထားတာ ခုနစ်နှစ်၊ ရှစ်နှစ်လောက်ရှိပါပြီ။ နောက် (၄) ကတော့ မြောင်းတကာဓာတ်မြေသြဇာစက်ရုံပါ။ (၅) ကတော့ ကန်ကြီးထောင့်ဓာတ်မြေသြဇာစက်ရုံပါ။ ဆိုတော့ (၁) ရယ်၊ (၄) ရယ်၊ (၅) ရယ်ပဲလည်နေပါတယ်။ ဒါပေမဲ့ (၄)နဲ့(၅)နဲ့ကလည်း လည်နေပေမဲ့လည်း အရှုံးတွေနဲ့ ဖြစ်ပေါ်နေပါတယ်။ ကျွန်တော်တို့ အမှတ်(၄) မြောင်းတကာစက်ရုံကို လေ့လာတွေ့ရှိချက်အရ နိုဝင်ဘာလ ၂၀၁၀ ခုနှစ်မှာ စတင်ထုတ်လုပ်ခဲ့ရာ ၂၀၁၁ ခုနှစ်၊ ၂၀၁၂ ခုနှစ်၊ ၂၀၁၃

ခုနှစ်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်များမှာ များစွာအမြတ်ငွေရရှိပြီးတော့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ အမြတ်ငွေအများဆုံးရရှိခဲ့ပါတယ်။ ဒါပေမဲ့ ၂၀၁၅ ခုနှစ်ကစပြီးတော့ ၂၀၁၅ ခုနှစ်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်များတွေမှာ အခုလက်ရှိအရှုံးပေါ်နေပါတယ်။ အဓိကဇယားလေးကိုကြည့်ရင်တွေ့နိုင်ပါတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ်မှာအများဆုံးထုတ်လုပ်နိုင်ခဲ့ပြီး ဖြန့်ဖြူးမှုလည်းအများဆုံး ဖြစ်ခဲ့ပါတယ်။ ၎င်းနောက်မှာတော့ ဒီစက်ရုံက ထုတ်လုပ်မှုကျဆင်းသွားပြီးတော့ နိုင်ငံတော်ကအရှုံးနဲ့ရင်ဆိုင်ပြီးတော့လည်ပတ်နေပါတယ်။ ဓာတ်မြေဩဇာအရှုံးပေါ်ရခြင်း အကြောင်းအရင်းမှာတော့စက်ရုံလည်ပတ်တဲ့နေရာမှာ လျှပ်စစ်ချို့ယွင်းမှုကြောင့် စက်ရုံရုတ်တရက်ရပ်သွားသည့်အခါ စက်ရုံသည် High Temperature နဲ့ High Pressure သို့ လည်ပတ်နေရာမှရပ်တန့်သွားသဖြင့် Temperature Shot များ၊ Pressure Shot တို့ကြောင့် စက်ချို့ယွင်းမှုသည် စက်စွမ်းအင်ကျဆင်းလာခြင်းကြောင့် ဖြစ်ပေါ်လာပါတယ်။ အထူးသဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ်မှာ စက်ချို့ယွင်းမှု ၁၀၃ ကြိမ်ဖြစ်ပေါ်ခဲ့ပါတယ်။ နောက်ပြီး လျှပ်စစ်ဓာတ်အားမတည်ငြိမ်တာကိုလည်း တွေ့ရပါတယ်။ ကန်ကြီးထောင့်စက်ရုံက ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွေမှာ အမြတ်ရရှိပြီးတော့ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ၂၀၁၃-၂၀၁၄ ခုနှစ်၊ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ၂၀၁၅-၂၀၁၆ ခုနှစ်၊ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ အရှုံးတွေပေါ်သွားပါတယ်။ အရှုံးတွေပေါ်နေရတဲ့အကြောင်းအရင်းကတော့ စက်ပျက်၍ပြုပြင်ရခြင်း၊ နောက်ပြီး ယူရေးနီးယားလက်ကျန်နည်းခြင်း၊ နှုန်းရှင်ငွေလဲနှုန်း မြင့်တက်လာခြင်းတို့ကြောင့် ကြွေးဆပ်ရတဲ့ကြွေးစရိတ်များကြောင့် ကျွန်တော်တို့ရှုံးခဲ့ရပါတယ်။ ဒီ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပထမနှစ် ဘဏ္ဍာရေးနှစ်အတွင်း ၂၀၁၆ ခုနှစ်ထိထုတ်လုပ်သည့် ယူရေးနီးယားပမာဏမှာလည်း သိုလှောင်ရုံအခက်အခဲကြောင့် ကျွန်တော်တို့စက်ရုံရပ်နားထားရပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ကျွန်တော် လျှပ်စစ်ဝန်ကြီးဌာနကို မေးလိုတာကတော့ ကျွန်းချောင်းနဲ့ ကျော်စွာစက်ရုံဆိုရင်လည်း ခုနစ်နှစ်၊ ရှစ်နှစ် ပိတ်ထားရပါပြီ။ ကျွန်တော်တို့ ဘယ်လိုဆက်လုပ်မလဲ။ ကျွန်တော်တို့နိုင်ငံမှာ ဓာတ်မြေဩဇာက စိုက်ပျိုးရေးနိုင်ငံအတွက် လိုအပ်ပါတယ်။ ဒီထွက်တဲ့ဓာတ်မြေဩဇာကလည်း တောင်သူဦးကြီးတွေက အရမ်းကိုကောင်းတယ်လို့ အသိအမှတ်ပြုပြီးတော့ လိုချင်၊ သုံးစွဲချင်ကြပါတယ်။ နောက်ပြီးတော့ လက်ရှိလည်ပတ်နေတဲ့ စလေဓာတ်မြေဩဇာရယ်၊ နောက်ပြီးတော့ မြောင်းတကာဓာတ်မြေဩဇာရယ်၊ ကန်ကြီးထောင့်ဓာတ်မြေဩဇာစက်ရုံတွေကလည်း အရှုံးတွေပေါ်နေတယ်။ အရှုံးတွေပေါ်တဲ့အတွက် ဝန်ကြီးဌာနအနေနဲ့ မြတ်အောင်၊ နောက်ပြီးတော့ အလုပ်ဖြစ်အောင်၊ နောက်ပြီးတော့ ဒီဓာတ်မြေဩဇာတွေ ထွက်ပြီးတော့ တောင်သူလယ်သမားတွေကို ဖြန့်ဖြူးနိုင်အောင် ဘယ်လိုဆက်လက်ဆောင်ရွက်ရန်လိုပြီးတော့ ဘယ်လိုအစီအမံများချထားသည်ကို သိရှိလိုပါသဖြင့် ကျွန်တော်အောက်ပါမေးခွန်းများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်

ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထက်မေးမြန်းသည့် အရှုံးပေါ်၍ရပ်ဆိုင်းထားရသော ဓာတ်မြေသြဇာစက်ရုံများကို ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းပြီး ဓာတ်မြေသြဇာများကို ပြန်လည်ထုတ်လုပ်နိုင်ရန် ဆောင်ရွက်နေခြင်းရှိ/မရှိဆိုသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီးတော့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရှင်းလင်းဖြေကြား သွားမှာဖြစ်ပါတယ်။

မြန်မာ့ရေနံနဲ့ဓာတုဗေဒလုပ်ငန်းလက်အောက်မှာ ဓာတ်မြေသြဇာစက်ရုံငါးရုံ တည်ဆောက် လည်ပတ်ခဲ့ပါတယ်။ အဆိုပါငါးရုံအနက် အမှတ်(၂)ဓာတ်မြေသြဇာစက်ရုံ(ကျွန်းချောင်း)နှင့် အမှတ်(၃) ဓာတ်မြေသြဇာစက်ရုံ(ကျော်စွာ) စက်ရုံတို့ဟာ ကာလကြည်ရှည်ကုန်ထုပ်လုပ်မှုကို ရပ်ဆိုင်းထားတဲ့ အတွက်ကြောင့် အရှုံးပေါ်လျက်ရှိပါတယ်။

အမှတ်(၂) ဓာတ်မြေသြဇာစက်ရုံ(ကျွန်းချောင်း)စက်ရုံကို ၁၉၆၈ ခုနှစ်မှာ ဂျာမနီနိုင်ငံ Pintsch Bamag Co.,Ltd နှင့်စတင်တည်ဆောက်ခဲ့ပါတယ်။ ထိုအချိန်က ထိုဒေသအနီးတစ်ဝိုက်မှာရှိတဲ့ ကျောက်ခွက်၊ အရာတော်၊ သာကြီးတောင်စတဲ့ ရေနံမြေတွေကနေပြီးတော့ ထုတ်လုပ်နိုင်တဲ့ ကုန်တွင်း သဘာဝဓာတ်ငွေ့ကို ဓာတ်မြေသြဇာစက်ရုံရဲ့ ကုန်ကြမ်းအဖြစ် အသုံးပြုပြီးတော့ တစ်ရက်လျှင် ဓာတ်မြေသြဇာ ၂၀၇ တန်ခန့် ထုတ်လုပ်နိုင်ခဲ့တာဖြစ်ပါတယ်။ ထိုကဲ့သို့ ထုတ်လုပ်ခဲ့တဲ့စက်ရုံဟာ အခု အချိန်ကာလနဲ့ တွက်ချက်မယ်ဆိုလို့ရှိရင် စက်ရဲ့သက်တမ်းဟာ ၄၉ နှစ် ရှိသွားခဲ့ပြီဖြစ်ပါတယ်။ အမှတ်(၃)ဓာတ်မြေသြဇာစက်ရုံ(ကျော်စွာ)ကိုတော့ ၁၉၈၂ ခုနှစ်မှာ ဂျာမနီနိုင်ငံ UHDE GmbH Co.,Ltd နှင့်စတင်တည်ဆောက်ခဲ့ပြီးတော့ ပြည်ရေနံမြေကထုတ်လုပ်နိုင်တဲ့ ကုန်တွင်းသဘာဝ ဓာတ်ငွေ့ကို ကုန်ကြမ်းအဖြစ်ရယူအသုံးပြုကာလည်ပတ်ခဲ့တာ တစ်ရက်လျှင် ဓာတ်မြေသြဇာ တန် ၆၀၀ ခန့်နှုန်းနဲ့ ထုတ်လုပ်ခဲ့တာဖြစ်ပါတယ်။ ကျော်စွာစက်ရုံရဲ့ စက်သတ်တမ်းကို ပြန်စိစစ်မယ် ဆိုရင်လည်း စက်သက်တမ်းဟာ ၃၅ နှစ် ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ အဆိုပါ ရေနံမြေများက ကုန်းတွင်း သဘာဝဓာတ်ငွေ့ကို ထုတ်ယူသုံးစွဲခဲ့တာဟာလည်း နှစ်ပေါင်း ၃၀ ကျော်မှ နှစ် ၄၀ အထိ ကြာမြင့်ခဲ့ပြီ ဖြစ်တဲ့အတွက်ကြောင့် နဂိုကထိုဒေသမှာ မြေအောက်မှာတည်ရှိနေတဲ့ သဘာဝဓာတ်ငွေ့တွေကလည်း ကုန်ခမ်းသွားခဲ့ပြီဖြစ်တဲ့အတွက်ကြောင့် ကုန်းတွင်းသဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်မှုဟာ အထူးတလည် ကျဆင်းသွားတဲ့အတွက်ကြောင့်မို့လို့ အမှတ်(၂)ဓာတ်မြေသြဇာစက်ရုံ(ကျွန်းချောင်း)ကို ၃၁-၅-၂၀၀၉ ရက်နေ့မှာ ရပ်ဆိုင်းထားခဲ့ပါတယ်။ အမှတ်(၃)ဓာတ်မြေသြဇာစက်ရုံ(ကျော်စွာ)ကိုတော့ ၇-၉-၂၀၁၀ ရက်နေ့မှာ ကုန်ထုတ်လုပ်မှုရပ်ဆိုင်းခဲ့ရတာ ဖြစ်ပါတယ်။ အဆိုပါ စက်ရုံနှစ်ရုံတို့ရဲ့သက်တမ်းက တင်ပြခဲ့တဲ့အတိုင်း စက်သက်တမ်း ၃၅ နှစ်ကနေ ၄၉ နှစ်ထိ ကြာမြင့်ခဲ့ပြီဖြစ်တဲ့အပြင် ကုန်းတွင်း သဘာဝဓာတ်ငွေ့တွေ ထွက်ရှိမှုကျဆင်းသွားတဲ့အတွက်ကြောင့်၊ ကုန်ကြမ်းမရရှိတော့တဲ့အတွက် ကြောင့် စက်ရုံများကိုရပ်ဆိုင်းခဲ့တာလည်း ဖြစ်ပါတယ်။

အဆိုပါ စက်များရဲ့သက်တမ်းဟာ အထူးကြာမြင့်နေပြီဖြစ်တဲ့အတွက်ကြောင့် ယခုအချိန်မှာ လိုအပ်တဲ့အလားတူ စက်ပစ္စည်းအစိတ်အပိုင်းများကို ပြည်ပနိုင်ငံများမှာ ထုတ်လုပ်ခြင်းမရှိတော့တဲ့ အတွက်ကြောင့် ပြန်လည်အစားထိုးပြုပြင်ဖို့ဆိုတာလည်း အလွန်အမင်းခက်ခဲတာ ဖြစ်ပါတယ်။

ဒါ့ကြောင့် အဆိုပါစက်ရုံများကို ပုဂ္ဂလိကလုပ်ငန်းရှင်များနဲ့ပူးပေါင်းပြီး ဓာတ်မြေသြဇာပြန်လည် ထုတ်လုပ်နိုင်ရေးအတွက်တော့ ဆောင်ရွက်နေခြင်းမရှိပါကြောင်းနှင့် ဝန်ကြီးဌာနအနေနဲ့ အဆိုပါ စက်ရုံနှစ်ရုံကို စာရင်းရှင်းလင်းဖျက်သိမ်းရေး ဆောင်ရွက်နေဆဲဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ် ပါတယ်။ ကျန်ဓာတ်မြေသြဇာစက်ရုံဖြစ်တဲ့ ကန်ကြီးထောင့်နဲ့ မြောင်းတကာဓာတ်မြေသြဇာစက်ရုံတို့ ကတော့ သူတို့ကလည်းပဲ မြန်မာနိုင်ငံအောက်ပိုင်းမှာရှိတဲ့ အဖျောက်ဒေသ၊ ဧရာဝတီဘက်က ထွက်ရှိ တဲ့ ကုန်းတွင်းသဘာဝဓာတ်ငွေ့ကိုအသုံးပြုပြီးတော့ ဓာတ်မြေသြဇာတွေ ထုတ်လုပ်နေကြတာဖြစ်ပါ တယ်။

အဆိုပါစက်ရုံများ အရှုံးပေါ်ရခြင်းအကြောင်းအရင်းကို ပြန်လည်တင်ပြရရင်တော့ ထွက်ရှိတဲ့ သဘာဝဓာတ်ငွေ့ကို ကျွန်တော်တို့က ကျွန်တော်တို့တိုင်းပြည်အတွင်းမှာ မော်တော်ယာဉ်တွေ၊ သယ်ယူ ပို့ဆောင်ရေးလုပ်ငန်းတွေ၊ ဒီ့အပြင် LPG ဓာတ်ငွေ့ရည်အိုးတွေစတဲ့ ပြည်သူတွေအသုံးပြုဖို့အတွက် ကိုလည်း ကျွန်တော်တို့က Transportation ကိစ္စတွေပါဦးစားပေးပြီး အသုံးပြုနေရတဲ့အတွက် ကြောင့် ဓာတ်မြေသြဇာစက်ရုံတွေအတွက် လိုအပ်တဲ့ဓာတ်ငွေ့ကိုလည်း မျှတအောင်သုံးစွဲနေရတဲ့ အခါမှာ ထုတ်လုပ်နိုင်စွမ်းကျဆင်းနေတာ ဖြစ်ပါတယ်။ စက်ရုံရဲ့ထုတ်လုပ်နိုင်မှုကျဆင်းတဲ့အခါမှာ ပုံသေကုန်ကျစရိတ်များရှိနေတဲ့အတွက်ကြောင့် ဒီစက်ရုံတွေက အရှုံးပေါ်နေတာဖြစ်ပါတယ်။ ဒီ့အပြင် ထုတ်လုပ်မှုကုန်ကျစရိတ်ကိုကာမိပြီး အမြတ်ပေါ်အောင်ဆိုပြီး ဈေးတင်ရောင်းချခဲ့ပါက ဓာတ်မြေ သြဇာဝယ်ယူအသုံးပြုရမယ့် တောင်သူလယ်သမားများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်မှာကို ရှောင်ရှား လိုတဲ့အတွက်ကြောင့်၊ ဒီထွက်ရှိတဲ့ဓာတ်မြေသြဇာကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးနေရတာ ဖြစ်တဲ့အတွက်ကြောင့်လည်း အရှုံးပေါ်နေတာဖြစ်ပါတယ်။

သို့ရာတွင် စက်များချို့ယွင်းခြင်းကြောင့်နဲ့ စက်လည်ပတ်နိုင်မှု အားနည်းတဲ့အတွက်ကြောင့် ထုတ်လုပ်မှုကျဆင်းခြင်းမရှိအောင် ကျွန်တော်တို့ဝန်ကြီးဌာနက အခု အထူးတလည်ကြိုးပမ်း ဆောင်ရွက်နေပြီး အဲဒီကိစ္စတွေကိုလျော့နည်းအောင် ဆောင်ရွက်နေလျက်ရှိပါတယ်။ အဆိုပါ လက်ရှိ လည်ပတ်နေဆဲ မြောင်းတကာနဲ့ ကန်ကြီးထောင့်ဓာတ်မြေသြဇာစက်ရုံတွေကို ပုဂ္ဂလိကများနဲ့ ပူးပေါင်း ပြီးထုတ်လုပ်ဖို့ ကျွန်တော်တို့ဝန်ကြီးဌာနက ကမ်းလှမ်းခဲ့တာရှိပါတယ်။ လာရောက်ပြီးတော့ Survey ဆင်းပြီး လာကြည့်တဲ့ ပုဂ္ဂလိကအဖွဲ့များအနေနဲ့ ဒီလုပ်ငန်းအပေါ်မှာတော့ ဒီစကေးနဲ့လုပ်လို့ရှိရင် တွက်ခြေမကိုက်နိုင်ဘူးဆိုပြီးတော့ ပူးပေါင်းဆောင်ရွက်ရန်အဆိုပြုတဲ့ကိစ္စများ လက်ရှိမရှိပါဘူး။ သို့ရာတွင် မည်သည့်ပုဂ္ဂလိကလုပ်ငန်းရှင်ကမဆို ပူးပေါင်းဆောင်ရွက်ဖို့ အဆိုပြုလာလို့ရှိရင် မိမိတို့ ဝန်ကြီးဌာနအနေနဲ့ ကြိုဆိုလက်ခံဆွေးနွေးပြီး ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ပြည်တွင်းသုံးစွဲရန် ပို့လွှတ်ထားသော သဘာဝဓာတ်ငွေ့အပေါ်အခြေခံပြီး ချုပ်ဆိုထားသော စာချုပ်များအရ ထားဝယ်ခရိုင် လျှပ်စစ်မီးရရှိရေးအတွက် မည်ကဲ့သို့စီမံဆောင်ရွက်ထားသည်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရေဖြူမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသက်နိုင်ဦး(ရေဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်ဦး ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ ပြည်တွင်းသုံးစွဲရန် ပို့လွှတ်ထားသော သဘာဝဓာတ်ငွေ့အပေါ်အခြေခံပြီး ချုပ်ဆိုထားသော စာချုပ်များအရ ထားဝယ်ခရိုင် လျှပ်စစ်မီးရရှိရေးအတွက် မည်ကဲ့သို့စီမံဆောင်ရွက်ထားပါသနည်း မေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင် လျှပ်စစ်မီးရရှိရေးအတွက် ထားဝယ်ခရိုင်၊ ကံပေါက်ဒေသမှ ထွက်ရှိသော သဘာဝဓာတ်ငွေ့အပေါ်အခြေခံပြီး တိုင်းဒေသကြီးအစိုးရအစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်မီးပုံမှန်ရရှိရေးအတွက် ထုတ်လုပ်ရေးကဏ္ဍတွင် GGS ကုမ္ပဏီက ငါးနှစ်စာချုပ်ဖြင့် လုပ်ကိုင်ခွင့်ပြုထားကြောင်း၊ ဖြန့်ဝေရေးကဏ္ဍတွင်လည်း DDPC ကုမ္ပဏီအား ငါးနှစ်စာချုပ်ချုပ်ဆိုပြီး သုံးလတစ်ကြိမ်စောင့်ကြည့်ကာ သက်တမ်းတိုးအစီအစဉ်ဖြင့် ဆောင်ရွက်နေကြောင်း သိရှိရပါတယ်။ လျှပ်စစ်ဓာတ်အားခကိုလည်း တစ်ယူနစ် ၂၁၀ ကျပ်ဈေးနှုန်းဖြင့် သတ်မှတ်ပြီး ဖြန့်ဝေပေးနေကြောင်း သိရှိရပါတယ်။ နိုင်ငံတော်အနေဖြင့်လည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ထားဝယ်ခရိုင်၊ ကံပေါက်ဒေသရှိ ရတနာသဘာဝဓာတ်ငွေ့ရေနံမြေ၊ ရဲတံခွန်သဘာဝဓာတ်ငွေ့ရေနံမြေနှင့် ဇောတိကသဘာဝဓာတ်ငွေ့ရေနံမြေတို့မှ ကုဗပေသန်းပေါင်း ၃၇၈၁၅၇ ခန့် ရောင်းချခဲ့ကြောင်း သိရပါတယ်။ ထိုပမာဏဟာ မြန်မာနိုင်ငံအတွင်းရှိ အခြားဒေသမှထွက်သော သဘာဝဓာတ်ငွေ့ရောင်းချမှုနှင့် နှိုင်းယှဉ်လျှင် အများဆုံးပမာဏဖြစ်သည်ဟု ထင်မြင်မိပါတယ်။ တစ်နိုင်ငံလုံးအနေဖြင့်လည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာငွေရရှိမှုတွင် စွမ်းအင်ကဏ္ဍမှ အများဆုံးဖြစ်ပြီး နှစ်အလိုက်ဈေးနှုန်းများအရ ကျပ်ဘီလီယံပေါင်း ၂၆၆၉၉ ကျော် ရရှိခဲ့ကြောင်း သိရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသခံပြည်သူများမှာ မိမိဒေသမှထွက်သော သဘာဝဓာတ်ငွေ့ဖြင့် နိုင်ငံတော်အတွက် ဝင်ငွေအများဆုံးရှာဖွေပေးနေသော်လည်း လျှပ်စစ်တစ်ယူနစ်ဈေး၊ မဟာဓာတ်အားလိုင်းရရှိသောဒေသများထက် ဈေးနှုန်းကြီးမြင့်စွာသုံးစွဲနေရခြင်း၊ သုံးစွဲရာတွင်လည်း မီးမကြာခဏပျက်ခြင်း၊ ပို့အားမပြည့်ခြင်း စသည့်အချက်များအပေါ်အခြေခံကာ သင့်တင့်မျှတသောဈေးနှုန်းဖြင့် လျှပ်စစ်မီးပုံမှန်ရရှိရေး မျှော်လင့်တောင်းတလျက်ရှိပါတယ်။ ပြည်တွင်းသုံးစွဲရန်အတွက်လည်း ရတနာသဘာဝဓာတ်ငွေ့ရေနံမြေ၊ ဇောတိကသဘာဝဓာတ်ငွေ့ရေနံမြေနှင့် ရွှေသဘာဝဓာတ်ငွေ့ရေနံမြေတို့မှ ကုဗပေသန်းပေါင်း ၁၁၃၂၀၁ ပို့လွှတ်ခဲ့ကြောင်း သိရှိရပါတယ်။ ထို့အပြင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဓာတ်ငွေ့ဝယ်ယူရေးနှင့်ပတ်သက်ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ကံပေါက်ဒေသတွင် Andaman Power and Utility Co.,Ltd မှ ၂၀၀ မဂ္ဂါဝပ် ဓာတ်အားပေးစီမံကိန်းအား IPP စနစ်ဖြင့် ဆောင်ရွက်ရန် ချုပ်ဆိုခဲ့ကြောင်း ဖော်ပြထားသည်ကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်စွမ်းအင်မူဝါဒအရလည်း စွမ်းအင်သယံဇာတများကို ထွက်ရှိရာ ဒေသအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး အကျိုးရှိဆုံးနှင့် အထိရောက်ဆုံး ခံစားနိုင်မည့်သုံးစွဲမှု ဖြစ်စေရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ ဒေသခံ ပြည်သူများ၏ ဆန္ဒအပေါ်အခြေခံပြီး ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ထပ်မံနှုတ်ခွန်းဆက်သအပ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်ဦးမေးမြန်းသည့် ပြည်တွင်းသုံးစွဲရန်ပို့လွှတ်ထားသော သဘာဝဓာတ်ငွေ့ အပေါ်အခြေခံပြီး ချုပ်ဆိုထားသောစာချုပ်များအရ ထားဝယ်ခရိုင် လျှပ်စစ်မီးရရှိရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ထားပါသနည်းဆိုသည့် မေးခွန်းနှင့်ပတ်သက်၍ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ညှိနှိုင်းပေါင်းစပ်ကာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကိုယ်စား ကျွန်တော်က ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသ၊ ထားဝယ်ခရိုင်အတွင်းမှာ လက်ရှိ မဟာဓာတ်အားလိုင်းစနစ် ရောက်ရှိခြင်းမရှိသေးတဲ့အတွက်ကြောင့် မဟာဓာတ်အားလိုင်း စနစ်နှင့်ချိတ်ဆက်ခြင်းမရှိသောဒေသမှာ ၃၀ မဂ္ဂါဝပ်အောက် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းများကို ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရများက စီမံခန့်ခွဲခွင့်ရှိတာဖြစ်ပါတယ်။ ဒါကြောင့် ထားဝယ်ခရိုင်အတွင်းမှာရှိတဲ့ မြို့နယ်များမှာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ်မှာစပြီး Andaman Power and Utility ကုမ္ပဏီက 1 MW ထုတ်လုပ်နိုင်တဲ့ Gas Engine ခြောက်လုံးကို ငှားရမ်းကာ ကံပေါက်ဒေသမှာ ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးဆောင်ရွက်ရန်အတွက် ၂၆-၆-၂၀၁၄ ရက်နေ့မှာ ဓာတ်အားခတစ်ယူနစ် လျှင် ၂၂၀ ကျပ်နှုန်းဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စာချုပ်ချုပ်ဆိုခဲ့တာဖြစ်ပါတယ်။ ၁၆-၆-၂၀၁၅ ရက်နေ့မှစတင်ပြီးတော့ ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးခဲ့တာကို ဆောင်ရွက်ခဲ့ပါတယ်။ ဓာတ်အား ဖြန့်ဖြူးခြင်းလုပ်ငန်းကိုတော့ ထားဝယ်ဖွံ့ဖြိုးတိုးတက်မှု အများပိုင်ကုမ္ပဏီနှင့် တိုင်းဒေသကြီးအစိုးရ အဖွဲ့တို့က ၁-၁၂-၂၀၁၅ ရက်နေ့မှာ စာချုပ်ချုပ်ဆိုပြီး ထားဝယ်ခရိုင်အတွင်းမှာရှိတဲ့ မြို့နယ်လေး မြို့နယ်၊ မြို့တစ်မြို့နှင့် ကျေးရွာ ၃၅ ရွာ၊ မီးသုံးသူအိမ်ထောင်စုပေါင်း ၂၅၅၂၄ ကို ဓာတ်အားတစ်ယူနစ် လျှင် ကျပ်သုံးရာနှုန်းဖြင့် ဓာတ်အားဖြန့်ဖြူးရောင်းချခဲ့ရာ ထားဝယ်ခရိုင်အတွင်းမှာ မီးရရှိမှုဟာ ၂၅ ရာခိုင်နှုန်းခန့်အထိ ရရှိခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ တိုင်းဒေသကြီးရဲ့ရန်ပုံငွေနဲ့ ထားဝယ်ခရိုင်အတွင်းမှာ ဓာတ်အားလိုင်းများတည်ဆောက်ကာ ထရန်စဖော်မာများ တိုးချဲ့တပ်ဆင်ပြီး တော့ ကျေးရွာ ၅၂ ရွာ၊ အိမ်ထောင်စုပေါင်း ၁၀၄၀၀ ကို ထပ်မံဓာတ်အားဖြန့်ဖြူးခဲ့တဲ့ အနေအထား ကြောင့် လျှပ်စစ်ဓာတ်အားရရှိမှုဟာ ၃၅ ရာခိုင်နှုန်းအထိ တိုးတက်လာပါတယ်။ အဲဒီလို တိုးတက်လာ တဲ့အတွက်ကြောင့်လည်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်ဟာ ယခင်က ၆ မဂ္ဂါဝပ်ကနေပြီးတော့ ၉ မဂ္ဂါဝပ်အထိ တိုးမြင့်လာတာဖြစ်ပါတယ်။ ထိုကဲ့သို့ဖြစ်ပေါ်လာတဲ့အတွက်ကြောင့် ကံပေါက်မှာ ယခင်

တပ်ဆင်ထားတဲ့ စက်တပ်ဆင်အင်အားဟာ ၆ မဂ္ဂါဝပ်ပဲရှိတဲ့အတွက်ကြောင့် ဓာတ်အားနိုင်နင်းမှုမရှိတော့ဘဲ ယခင်ကတပ်ဆင်ထားတဲ့ အရန်ဒီဇယ်စက်များဖြင့် ဖြည့်စွက်ပြီးတော့ မောင်းနှင်ပေးရခြင်း၊ ဝန်အားလျှော့ရခြင်းတွေ ဆောင်ရွက်ခဲ့ရတယ်လို့ သိရှိရပါတယ်။ ဒီအတွက် Gas Engine အနေနဲ့ ဓာတ်အားထုတ်လုပ်ပေးမှုကို ဆောင်ရွက်တဲ့ Andaman Power and Utility ကုမ္ပဏီနဲ့ တိုင်းဒေသကြီးအစိုးရတို့က ချုပ်ဆိုထားတဲ့ စာချုပ်ဟာလည်း ၃၀-၆-၂၀၁၇ ရက်နေ့မှာ သက်တမ်းကုန်ဆုံးသွားတာဖြစ်တဲ့အတွက်ကြောင့် တိုးတက်လာတဲ့လျှပ်စစ်ဓာတ်အားကိုလည်း လုံလောက်အောင်ဖြန့်ဖြူးနိုင်ရန်အတွက်ရယ်၊ ဓာတ်အားထုတ်လုပ်တဲ့ကုန်ကျစရိတ်ကို သက်သာရန်ရည်ရွယ်ပြီးတော့ တနင်္သာရီတိုင်းဒေသကြီးအစိုးရက ၁၀-၁၁-၂၀၁၆ ရက်နေ့မှာ အိတ်ပိတ်တင်ဒါခေါ်ယူပြီး ယှဉ်ပြိုင်စေခဲ့ပါတယ်။ ဓာတ်အားတစ်ယူနစ်ဈေးနှုန်းကို ၁၃၀ ကျပ်နဲ့ ထုတ်လုပ်မည်ဟုတင်ပြလာတဲ့ Global Grand Service Co.,Ltd ကို တိုင်းဒေသကြီးအစိုးရက ရွေးချယ်ခဲ့ပြီးတော့ ၆-၁၂-၂၀၁၆ ရက်နေ့မှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရောင်းချခြင်းဆိုင်ရာ စာချုပ်ကို ချုပ်ဆိုခဲ့ပါတယ်။

အဆိုပါ Global Grand Service Co.,Ltd က ၁၂ မဂ္ဂါဝပ်စက်ကို တပ်ဆင်ခဲ့ပြီးတော့ ၁-၇-၂၀၁၇ ရက်နေ့ကစပြီး ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးခဲ့ပါတယ်။ ဓာတ်အားဖြန့်ဖြူးရေးအပိုင်းကိုတော့ ထားဝယ်ဖွံ့ဖြိုးတိုးတက်မှုအများပိုင်ကုမ္ပဏီလီမိတက်ကို ဆက်လက်ပြီးတော့ တိုင်းဒေသကြီးအစိုးရက လုပ်ကိုင်ခွင့်ပေးခဲ့ပြီး ၂၆-၆-၂၀၁၇ ရက်နေ့မှာ စာချုပ်ချုပ်ဆိုခဲ့ပါတယ်။ ဒါကြောင့် ၁-၇-၂၀၁၇ ရက်နေ့ကစပြီးတော့ ထားဝယ်ခရိုင်အတွင်းမှာ ဓာတ်အားခဈေးနှုန်းဟာ ယခင်က ၃၀၀ ကျပ်ကနေ ၂၁၀ ကျပ်အထိ လျှော့ချပြီး ရောင်းချပေးနိုင်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် ဇူလိုင်လမှစပြီးတော့ ကျေးရွာပေါင်း ၈၇ ရွာအပါအဝင် မီးသုံးသူဦးရေ ၃၆၀၀၀ အထိကို ၂၄ နာရီအချိန်ပြည့် ဓာတ်အားပေးနိုင်ခဲ့ပါတယ်။ ဒီအခါမှာ လျှပ်စစ်ဓာတ်အားသုံးစွဲမှုဟာလည်း တိုးတက်လာပြီး ၁၀ မဂ္ဂါဝပ်လောက်အထိ ရောက်ရှိလာတဲ့အတွက် Gas Engine များနဲ့ပဲ ဆက်လက်ပြီး ဓာတ်အားပေးခဲ့တာဖြစ်ပါတယ်။ လိုအပ်တဲ့ ဓာတ်အားခွဲရုံတွေတည်ဆောက်လာတာ၊ တိုးချဲ့လာတဲ့အတွက်ကြောင့် မီးသုံးသူဦးရေဟာလည်း ပိုမိုများပြားလာပြီးတော့ ဓာတ်အားရရှိမှုအနေအထားဟာ ၄၇ ရာခိုင်နှုန်းအထိ ရရှိလာတာဖြစ်ပါတယ်။ လက်ရှိဆောင်ရွက်ထားတဲ့အစီအစဉ်များကို တိုင်းဒေသကြီးအစိုးရရဲ့ အစီအစဉ်များနဲ့ဆောင်ရွက်နေတာကို ရှင်းလင်းတင်ပြတာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးဌာနအနေနဲ့တော့ ကံပေါက်ဒေသမှာ ၂၀၂၁-၂၀၂၂ ခုနှစ်ပြီးတော့ မဂ္ဂါဝပ်တစ်ထောင်ကျော်ထုတ်လုပ်နိုင်မယ့် IPP စနစ်နဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှုကို ဆောင်ရွက်သွားမယ့်အစီအစဉ်ကို ဆွေးနွေးညှိနှိုင်းနေပြီးတော့ အဆိုပါလုပ်ငန်းတွေအောင်မြင်လာခဲ့မယ်ဆိုလို့ရှိရင်တော့ တနင်္သာရီတိုင်းဒေသကြီးအတွင်းအပါအဝင် ကရင်၊ မွန်၊ ပဲခူး စတဲ့ဒေသတွေအထိ ဓာတ်အားများကို လုံလုံလောက်လောက်ဖြန့်ဖြူးသွားအောင် ကြိုးပမ်းဆောင်ရွက်နေတာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပြီးတဲ့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**မြန်မာနိုင်ငံ၏အဓိကနယ်စပ်ကုန်သွယ်ရေး မြို့များဖြစ်သော မူဆယ်နှင့် မြဝတီမြို့များတွင် လေယာဉ်ကွင်းဆောက်လုပ်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကျော်ကျော်ဦး(လှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လှိုင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အဓိကနယ်စပ်ကုန်သွယ်ရေးမြို့များဖြစ်တဲ့ မူဆယ်နဲ့ မြဝတီမြို့များမှာ လေယာဉ်ကွင်းဆောက်လုပ်ရန်အစီအစဉ်ရှိ/မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ အိမ်နီးချင်းတရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ လာအိုနိုင်ငံများနှင့် နယ်စပ်ကုန်သွယ်ရေးစခန်း ၁၆ ခု ဖွင့်လှစ်ဆောင်ရွက်ရာမှာ မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်မှုပမာဏအများဆုံး ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ အမေရိကန်ဒေါ်လာ သန်း ၄၈၀၀ အထိ ရှိခဲ့ပါတယ်။ တစ်ရက်ကို ဒေါ်လာ ၁၂ သန်းမှ ၁၄ သန်းအထိ ကုန်သွယ်မှုများ ပြုလုပ်လျက်ရှိပါတယ်။ မြန်မာနိုင်ငံဘက်မှ လယ်ယာထွက်ကုန်များ၊ တိရစ္ဆာန်ထွက်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ၊ သတ္တုတွင်းထွက်များနှင့် စက်မှုကုန်ကြမ်းများ တင်ပို့ပြီးတော့ တရုတ်ဘက်ကနေပြီးတော့ လူသုံးကုန်ပစ္စည်းတွေ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စက်မှုကုန်ချောများ ပြန်လည်တင်သွင်းပါတယ်။ နယ်စပ်ကုန်သွယ်ရေးပမာဏအများဆုံးဖြစ်တဲ့ မူဆယ်မြို့ ကုန်သည်များသွားလာရန်နှင့် ကုန်ပစ္စည်းများတင်ပို့ရာမှာ အသုံးပြုတဲ့ မန္တလေး-မူဆယ်ကားလမ်းဟာ တစ်ရက်ကို ကားအစီးရေ ၂၀၀၀ ကနေပြီးတော့ ၄၀၀၀ အထိ သွားလာနေပြီး ယာဉ်အသွားအလာအလွန်များပြားပြီးတော့ မကြာခဏ ပိတ်ဆို့မှုဖြစ်ပေါ်နေပါတယ်။ Oriental Highway Co,.Ltd ကနေပြီးတော့ မန္တလေး-လားရှိုး-မူဆယ်လမ်းပိုင်းကို အာဆီယံအဝေးပြေး(၄)လမ်းသွား AH 14 လမ်းမဖြင့်၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ အပြီးဆောင်ရွက်ဖို့ လျာထားလုပ်ဆောင်နေပေမဲ့ ယာဉ်အဆမတန်များပြားလာခြင်း၊ ကုန်စည်စစ်ဆေးရေးဂိတ်များကြောင့် ကြန့်ကြာမှုများ ရှိနိုင်ခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ ဆက်လက်ရှိဦးမှာ ဖြစ်ပါတယ်။ နယ်စပ်မြို့များဖြစ်တဲ့ မူဆယ်-နမ့်ခမ်းမှာရှိတဲ့ ပြည်သူတွေ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး စတဲ့မြို့များကို အစိုးရရုံးကိစ္စများ၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများ အချိန်မီသွားရောက်ဆောင်ရွက်ရာမှာ အခက်အခဲများ ဖြစ်ပေါ်လျက်ရှိပါတယ်။ အလားတူပဲ မြဝတီမြို့ဟာလည်း နယ်စပ်ကုန်သွယ်ရေးဒုတိယပမာဏအများဆုံးမြို့ဖြစ်ပါတယ်။ မြန်မာနှင့် အာဆီယံနိုင်ငံခြား တိုက်ရိုက်ကုန်သွယ်မှုပြုတဲ့ စီးပွားရေးတံခါးဝလည်း ဖြစ်ပါတယ်။ အိမ်နီးချင်းထိုင်းနိုင်ငံမှတစ်ဆင့် အာဆီယံနိုင်ငံများဖြစ်တဲ့ ကမ္ဘောဒီးယား၊ မလေးရှား၊ လာအို၊ ဗီယက်နမ်နှင့် အခြားနိုင်ငံများကို ကုန်စည်စီးဆင်းမှုများရှိပါတယ်။

မြဝတီမြို့ဟာ ပြည်ပခရီးသွားဝင်ရောက်မှု အများဆုံးမြို့ဖြစ်ပါတယ်။ မူဆယ်မြို့ဟာလည်း ပြည်ပခရီးသွားဝင်ရောက်မှု ဒုတိယအများဆုံးမြို့ဖြစ်ပါတယ်။ နယ်စပ်ကုန်သွယ်ရေးမှာ အရေးပါတဲ့ နယ်စပ်စီးပွားရေးတံခါးဝတွေဖြစ်တဲ့ မူဆယ်နှင့် မြဝတီမြို့များမှာ လေယာဉ်ကွင်းများ တည်ဆောက်

ခြင်းဖြင့် ကုန်သွယ်မှု ပိုမိုမြန်ဆန်သွက်လက်လာပြီး စီးပွားရေးတိုးတက်လာမှာဖြစ်ပါတယ်။ ဒေသခံများလည်း သွားလာရေးလွယ်ကူမှာဖြစ်ပြီးတော့ နိုင်ငံတကာခရီးသွားများ ဝင်/ထွက်သွားလာခြင်းဖြင့် ခရီးသွားလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့အဓိကနယ်စပ်ကုန်သွယ်ရေးမြို့များဖြစ်တဲ့ မူဆယ်နှင့် မြဝတီမြို့များမှာ လေယာဉ်ကွင်းဆောက်လုပ်ရန် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဒုတိယဝန်ကြီးနှင့် ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး၏ မြန်မာနိုင်ငံ၏ အဓိကနယ်စပ်ကုန်သွယ်ရေး မြို့များဖြစ်သော မူဆယ်နှင့် မြဝတီမြို့များတွင် လေယာဉ်ကွင်းဆောက်လုပ်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုးက ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ခရိုင်၊ မူဆယ်မြို့ရှိ မူဆယ်လေယာဉ်ကွင်းဟောင်းမှာ ဒုတိယကမ္ဘာစစ်မတိုင်မီကတည်းက တည်ဆောက်ထားပြီး အလျားပေ ၅၀၀၀၊ အကျယ် ပေ ၁၀၀၊ ထု ၈ လက်မရှိတဲ့ ကျောက်ခင်းလေယာဉ်ပြေးလမ်းဖြစ်ပါတယ်။ ယခုအချိန်မှာတော့ အဲဒီလေယာဉ်ပြေးလမ်းဟောင်းကို မူဆယ်အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ရွှေလီမြစ်ကမ်းဘေးတစ်လျှောက် ဆောင်ရွက်နေတဲ့ Muse Central Business District သို့ ဆက်သွယ်သည့် လမ်းမကြီးရဲ့တစ်စိတ်တစ်ပိုင်းအဖြစ် အဆင့်မြှင့်တင်၍ အသုံးပြုထားတဲ့အပြင် တရုတ်ပြည်နယ်နိမိတ်နှင့်ကပ်လျက်အနေအထားရှိခြင်းကြောင့် အဲဒီနေရာမှာ လေကြောင်းဘေးအန္တရာယ်ကင်းရှင်းမှုဆိုင်ရာ စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် လေယာဉ်ကွင်းတစ်ကွင်း တည်ဆောက်ရန် မဖြစ်နိုင်တော့ကြောင်း တွေ့ရှိခဲ့ရပါတယ်။

သို့ဖြစ်ပါ၍ မူဆယ်မြို့အတွက် လေယာဉ်ကွင်းသစ်ဖောက်လုပ်နိုင်ရန် မြေနေရာ ရှာဖွေခြင်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းသုတေသနဌာနမှ ပညာရှင်များပါဝင်တဲ့အဖွဲ့က ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့ကနေ နိုဝင်ဘာလ ၃ ရက်နေ့အထိ ပထမအကြိမ် မြေနေရာရှာဖွေခဲ့ပါတယ်။ အဲဒီလို ပထမအကြိမ်ရှာဖွေခဲ့တဲ့ မူဆယ်မြို့ရဲ့အရှေ့တောင်ဘက် ၁၃ မိုင်ခွဲခန့်မှာရှိတဲ့ မြေနေရာမှာ လေယာဉ်ပြေးလမ်းတည်ဆောက်မယ်ဆိုရင် သက်ဆိုင်ရာ Survey များဆင်း တိုင်းတာကွင်းဆင်းလေ့လာချက်အရ ဖို့မြေ/ဖြတ်မြေစတဲ့ မြေကြီးလုပ်ငန်း ကျင်းပေါင်း သိန်း ၅၀ ကျော်ရှိမည်ဖြစ်ကြောင်း တွက်ချက်ရရှိခဲ့ပါတယ်။ အဲဒီပထမရှာဖွေခဲ့တဲ့မြေနေရာမှာ လေယာဉ်ကွင်းတည်ဆောက်မယ်ဆိုရင် မြေကြီးလုပ်ငန်းပမာဏများပြားပြီး ကုန်ကျစရိတ်ကြီးမားမှာဖြစ်တဲ့အတွက် ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့မှ ၂၁ ရက်နေ့အထိ ဒုတိယအကြိမ် မြေနေရာထပ်မံ

ရှာဖွေခဲ့ပြီးနောက် မူဆယ်မြို့မှ အရှေ့တောင်ဘက် ၅ မိုင်ခွဲ၊ ၆ မိုင်၊ ၁၂ မိုင်နှင့် ၁၃ မိုင်ခန့် အသီးသီး ကွာဝေးတဲ့နေရာ လေးနေရာကို လျာထားခဲ့ပါတယ်။

ဒုတိယအကြိမ် ရှာဖွေခဲ့တဲ့ လျာထားမြေနေရာ လေးနေရာအနက် မူဆယ်မြို့မှ ၆ မိုင် ကွာဝေးပြီး လားရှိုး-မူဆယ်လမ်းမကြီး အနောက်ဘက်ခြမ်း ကောင်းဗုက်ရွာ အနောက်မြောက်ဘက် ကုန်းကြော နေရာမှာဆိုရင် လေကြောင်းဆိုင်ရာကန့်သတ်ချက်အရ တစ်ဖက်တည်းကိုသာ အဓိကထား ဆင်း/တက် မှုပြုလုပ်နိုင်မည်ဖြစ်သော်လည်း မူဆယ်မြို့နှင့် အလှမ်းမဝေးခြင်း၊ လားရှိုး-မူဆယ် ကားလမ်းဘေးတွင် တည်ရှိခြင်း၊ တည်ဆောက်ရေးလုပ်ငန်းပမာဏ နည်းပါးနိုင်ချေရှိခြင်းနှင့် မြေနေရာရရှိနိုင်မှုအတွက် လျော်ကြေးပေးချေရမယ့် ပမာဏနည်းပါးခြင်းစတဲ့အချက်များကြောင့် အသင့်တော်ဆုံးဖြစ်တယ်လို့ သုံးသပ်ရွေးချယ်ခဲ့ပြီး အသေးစိတ်ကွင်းဆင်းတိုင်းတာစစ်ဆေးခြင်းတွေ ကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့မှ ၁၉ ရက်နေ့အထိ ဆောင်ရွက်ခဲ့ပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွား သလိုပဲ မူဆယ်ဒေသနေပြည်သူများအနေနဲ့ အစိုးရဌာနကိစ္စများ၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် စီးပွားရေးကိစ္စများအတွက် မြို့ကြီးများသို့ လွယ်ကူစွာဖြင့် အချိန်မီသွားလာဆောင်ရွက်နိုင်ရေးနှင့် နိုင်ငံတကာခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် နယ်စပ်ကုန်သွယ်ရေး၏ အရေးပါ တဲ့ မြို့တစ်မြို့ဖြစ်တဲ့ မူဆယ်မြို့အတွက် လေယာဉ်ကွင်းသစ်ကို အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက် သည့် PPP စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့၊ စီးပွားရေးရာကော်မတီအစည်းအဝေး အမှတ်စဉ် (၉/၂၀၁၇)သို့ တင်ပြခဲ့ရာ မူအားဖြင့် ခွင့်ပြုချက်ရရှိထားပြီးဖြစ်ပါသဖြင့် တင်ဒါခေါ်ယူသည့် လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ ကရင်ပြည်နယ်၊ မြဝတီမြို့မှာ လေယာဉ်ကွင်း တည်ဆောက်ရန်ကိစ္စနှင့်စပ်လျဉ်း၍ မြဝတီမြို့မှာ လေယာဉ်ကွင်းဟောင်းမြေနေရာမရှိသည့်အပြင် လေယာဉ်ကွင်းတည်ဆောက်ရန် မြေနေရာရှာဖွေဆောင်ရွက်ထားမှုလည်းမရှိပါသဖြင့် လေယာဉ်ကွင်း သစ်တည်ဆောက်မည်ဆိုလျှင် သက်ဆိုင်ရာပညာရှင်များ ပါဝင်သည့်အဖွဲ့ဖြင့် သင့်တော်ပြီး လုံလောက် သည့်မြေနေရာကို ကွင်းဆင်းရှာဖွေရွေးချယ်ရန် လိုအပ်မည်ဖြစ်ပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ် ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ အနာဂတ်အစီအစဉ်တွင် မြဝတီမြို့ ၌ လေယာဉ်ကွင်းသစ်ဖောက်လုပ်ရန် ယခုအချိန်တွင် စီစဉ်လျာထားမှုမရှိပါကြောင်း ဖြေကြားအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပြည်တွင်းရှိ ကမ်းရိုးတန်းနှင့် မြစ်ချောင်းများအတွင်း ပို့ဆောင်ရေးလုပ်နေကြသော ရေယာဉ်များ၏ အင်ဂျင်မြင်းကောင်ရေ အင်အားကို (၂၀) အထိသာလျှင် လိုင်စင်လျှောက်ထားခွင့် တိုးမြှင့်ပြင်ဆင် သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအုန်းခင်(ပုလောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ တက်ရောက်သူအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းခင် ဖြစ်ပါတယ်။ ကျွန်တော်တို့က စက်တပ်မော်တော်ယာဉ်နှင့်ပတ်သက်ပြီးတော့ မေးသွားပါမယ်ခင်ဗျား။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကမ္ဘာကြီးမှာ နည်းပညာတွေဟာ ကြွက်သားခေတ်၊ စက်မှုခေတ်၊ လျှပ်စစ်ခေတ်၊ Robot ခေတ် သို့မဟုတ် IT ခေတ်ဆိုပြီးတော့ ခေတ်တွေဟာ တော်တော်များများ ပြောင်းလဲလာပါတယ်။ ဒါပေမဲ့ ပြောင်းလဲလာတဲ့နေရာမှာ ကျွန်တော်တို့ကို လျှပ်စစ်ခေတ်တို့ IT ခေတ်တို့ပြောင်းလဲပုံတွေကျတော့ ကျွန်တော်တို့က ပေါက်ကွဲမှုဖြစ်ပြီး ပြောင်းလဲတယ်လို့ ပြောလို့ရပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အပြောင်းအလဲကျတော့ အပြောင်းအလဲတောင်မှ ကျွန်တော်တို့ မှန်မှန်ကန်ကန်လေး မဖြစ်နိုင်သေးတာကို တွေ့ရပါတယ်။ ဥပမာအားဖြင့် ကျွန်တော်ပြောချင်တာက လွန်ခဲ့တဲ့ နှစ် ၇၀ ကျော်လောက်တုန်းကဆိုလို့ရှိရင် သတ္တုအလေးချိန်တန်ဝက်လောက်ရှိတဲ့ အင်ဂျင်တစ်လုံးရဲ့ မြင်းကောင်ရေအား ၂၀ ပတ်ဝန်းကျင်ရှိပါတယ်။

ထိုနည်းတူ အဲဒီလက်ဦးအချိန်ကဆိုရင် ကျွန်တော်တို့ စက်မှုကျွမ်းကျင်တဲ့လူဆိုတာကလည်း မြို့ပေါ်မှာတောင်မှ တော်တော်ရှားရှားပါးပါးလေး ဖြစ်နေတဲ့အနေအထား ရှိပါတယ်။ ဒါပေမဲ့ ဒီကနေ့သတ္တုအလေးချိန် တန်ဝက်လောက်ရှိတဲ့ ဒီဇယ်အင်ဂျင်တစ်လုံးရဲ့ ပျမ်းပျှအထက်ဟာ မြင်းအား ၄၀၀ လောက်ရှိနေပါတယ်။ စက်မှုကျွမ်းကျင်သူရဲ့လူတွေကလည်း ကျွန်တော်တို့ ရွာတွေမှာပါ ပေါပေါများများ ရှိနေပါတယ်။ ကျွန်တော်တို့ လူတွေရဲ့နေထိုင်မှု၊ ဓလေ့စရိုက်တွေကလည်း တော်တော်လေးကို ပြောင်းလဲလာပါတယ်။ လူတွေက ဘာကိုလိုချင်သလဲဆိုရင် မြန်ဆန်တာလိုချင်တယ်။ သက်တောင့်သက်သာရှိအောင် လိုချင်တောင့်တမှုတွေ ဖြစ်နေပါတယ်။ သို့သော် ယနေ့ ကျွန်တော်တို့ နိုင်ငံမှာ ဖြစ်နေတာက မြင်းကောင်ရေအား ၂၀ ကနေ အထက်ဆိုလို့ရှိရင် တိုင်းအစိုးရတောင်မှ ခွင့်ပြုမှုချက်မပေးနိုင်ဘူး ဖြစ်နေပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ကမ်းရိုးတန်းဒေသတွေနဲ့ မြစ်၊ ချောင်းရှိရာဒေသလူအများအသုံးပြုနေကြတာကလည်းပဲ မြင်းကောင်ရေအား ၂၀ နှင့်အထက် အင်ဂျင်တွေပဲ အသုံးများတာဖြစ်နေပါတယ်။ ၎င်းတို့အနေနဲ့လည်းပဲ တိုင်းမြို့တွေအထိသွားပြီးတော့ မှတ်ပုံတင်ရမယ်ဆိုလို့ရှိရင်လည်း အဆင်မပြေမှုတွေ အများကြီးရှိပါတယ်။ ဒါကြောင့်လည်းပဲ တော်တော်များများဟာ မှတ်ပုံမတင်ဘဲနဲ့ သူတို့ကသူတို့ သုံးနေကြပါတယ်။ တစ်နည်းအားဖြင့်ပြောမယ်ဆိုရင် ဥပဒေကိုမလိုက်နာနိုင်ကြတော့ပါဘူး။ သို့ဖြစ်ပါ၍ ပြည်သူများဥပဒေကို လိုက်နာလာကြစေရန်နှင့် မျက်မှောက်အခြေအနေ၌ အံဝင်ခွင်ကျဖြစ်စေရန် မြင်းအားသတ်မှတ်ချက်ကို တိုးတက်ပြောင်းလဲသတ်မှတ်ရန် အစီအစဉ်ရှိ/မရှိ မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမျိုးအောင်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဆပ်လက်၍ တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းခင်၏ ပြည်တွင်းရှိ ကမ်းရိုးတန်းနှင့် မြစ်ချောင်းများအတွင်း ပို့ဆောင်ရေးလုပ်နေကြသော ရေယာဉ်များ၏ အင်ဂျင်မြင်း

ကောင်ရေအောင်အားကို (၂၀) အထိသာလျှင် တိုင်းအစိုးရတွင် လိုင်စင်လျှောက်ထားခွင့်ကို တိုးမြှင့်ပြင်ဆင်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ကျွန်တော်က ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့မှာ ကျင်းပတဲ့ အစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၅/၈၉)၏ သဘောတူညီချက်ဖြင့် ၁၉၈၉ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့မှစပြီးတော့ စက်မြင်းကောင်ရေ ၂၀ ထက် မပိုသော စက်တပ်ရေယာဉ်ငယ်များ စစ်ဆေးမှတ်ပုံတင်ခြင်းနဲ့ ပတ်သက်တဲ့ လုပ်ပိုင်ခွင့်ကို သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ အပ်နှင်းခဲ့ပါတယ်။ ထိုကဲ့သို့ လုပ်ပိုင်ခွင့်အပ်နှင်းထားခြင်းအရ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများအနေနဲ့ စက်မြင်းကောင်ရေ ၂၀ ထက်မပိုသော ရေယာဉ်ငယ်များ စစ်ဆေးမှတ်ပုံတင်ခြင်းနှင့် အခရေးယူခြင်းကို ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားတဲ့ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ စည်းကမ်းသတ်မှတ်ချက်များအရ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ ခရီးသည်စုစုပေါင်း ၃၀ ဦးအထိ သို့မဟုတ် ကုန်အလေးချိန်ပိဿာ ၂၅၀၀ အထိသာ တင်ဆောင်ခွင့်ပြုသော စက်တပ်ရေယာဉ်များကို စစ်ဆေးအရေးယူပိုင်ခွင့်ရှိပါတယ်။ ကုန်နဲ့လူတင်မည်ဆိုပါက လူတစ်ဦးကို ပိဿာ ၄၀ နှင့် တွက်ချက်ရပါတယ်။

စက်မြင်းကောင်ရေ ၂၀ ထက်ပိုသော ရေယာဉ်အမျိုးအစားများ တိုင်းတာစစ်ဆေးမှတ်ပုံတင်ခြင်းကိုမူ ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများက တိုက်ရိုက်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ စက်မြင်းကောင်ရေ ၂၀ ထက်ပိုသော ရေယာဉ်များကို တိုင်းတာစစ်ဆေးရာမှာ ရေယာဉ်များအန္တရာယ်ကင်းရှင်းရေးအတွက် ရေယာဉ်နှင့်စက်ပစ္စည်းများ ကြံ့ခိုင်မှုရှိ/မရှိနှင့် ရေယာဉ်ဝန်ထမ်းများ သတ်မှတ်အရည်အချင်းနှင့် ပြည့်မီမှုရှိ/မရှိတို့ကို စစ်ဆေးဆောင်ရွက်ရသည့်အတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ စစ်ဆေးရေးအရာရှိသင်တန်း တက်ရောက်အောင်မြင်ပြီးသော ပြည်နယ်နှင့်တိုင်းဒေသကြီးရုံးများရှိ စစ်ဆေးရေးအရာရှိများမှ ပုံစံအမျိုးအစားကွဲပြားတဲ့ ရေယာဉ်များအလိုက် အတိုင်းအတာများကို သင်တန်းမှရရှိခဲ့တဲ့ ပညာနှင့်အတွေ့အကြုံများကို အခြေခံ၍ ကိုယ်တိုင်ကိုယ်ကျတိုင်းတာ၍ တင်ဆောင်နိုင်သည့်တန်ချိန်များ တွက်ချက်ပေးရပါတယ်။

အဲဒီအပြင် စက်မြင်းကောင်ရေ ၂၀ အထက်ရေယာဉ်များအတွက် ၂၀၁၅ ခုနှစ်၊ ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေနှင့်အညီ ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ် (Safety Certificate) လိုအပ်ပါတယ်။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်တဲ့ တိုင်းတာရေးအရာရှိ (Surveyor) များနှင့် စစ်ဆေးရေးအရာရှိ (Inspector) များကသာ သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးများအတွင်း တိုင်းတာစစ်ဆေးဆောင်ရွက်ပြီးမှ ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးရပါတယ်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများနှင့် ထိုကဲ့သို့ ဆောင်ရွက်နိုင်ရန် ကျွမ်းကျင်ပညာရှင်များ မရှိသေးပါ။

၂၀၁၅ ခုနှစ်၊ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေအရ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနဟာ ရေယာဉ်အမျိုးအစားအားလုံးအတွက် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးခြင်းကို ပြည်နယ်နှင့်တိုင်းဒေသကြီးအတွင်းမှာ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြသွားသကဲ့သို့ ယခုခေတ်မှာ အင်ဂျင်ထုတ်လုပ်မှုပိုင်းဆိုင်ရာ နည်းပညာများ မြင့်မားလာမှုကြောင့် အင်ဂျင်အရွယ်အစားသေးငယ်သော်လည်း မြင်းကောင်ရေအားတိုးလာပြီး စွမ်းဆောင်ရည်မြင့်မားလာသည်မှာ အမှန်ပဲဖြစ်ပါတယ်။ ဒါပေမဲ့ ရေယာဉ်များမှာတော့ စက်စွမ်းအားမြင့်မားလာသည်နှင့်အမျှ ရေယာဉ်ရဲ့ကြံ့ခိုင်မှု၊ မီးဘေးလုံခြုံမှု၊ အသက်ကယ်ပစ္စည်းများ ပြည့်စုံလုံလောက်စွာပါရှိမှုစတဲ့ လုံခြုံမှု (Safety) ပိုင်းဆိုင်ရာတွေဂရုစိုက်ပြီး စနစ်တကျစစ်ဆေးပေးဖို့ ပို၍လိုအပ်လာပါတယ်။ သို့မှသာ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသကဲ့သို့ ခရီးသွားပြည်သူများအတွက် ပိုမိုလုံခြုံမှုရှိစေမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ စက်မြင်းကောင်ရေအား ၂၀ အထက်ရှိ ရေယာဉ်များကို စစ်ဆေးမှတ်ပုံတင်ရန် လုပ်ပိုင်ခွင့်တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပြင်ဦးလွင်အနီးစခန်းလေဆိပ်တွင် လေယာဉ်ခရီးစဉ်ပြုလုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာအောင်ခင်(ပြင်ဦးလွင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပြင်ဦးလွင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ခင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသနှင့် ပြင်ဦးလွင်မြို့နယ် ပြည်သူပြည်သားများ ခရီးသွားရာတွင် သက်သောင့်သက်သာ မြန်ဆန်အဆင်ပြေစေရေး၊ လူမှုစီးပွားအဆင်ပြေစေရေးအတွက် ပြင်ဦးလွင်အနီးစခန်းလေဆိပ်တွင် လေယာဉ်ခရီးစဉ်ပြုလုပ်ပေးပါရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ကတော့ ပြင်ဦးလွင်မြို့ အနီးစခန်းလေဆိပ်သည် တရုတ်ပြည်ဝင်/ထွက်ပေါက်ဖြင့် ဆက်စပ်သော ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသနှင့် မန္တလေးမြို့သို့ ဆက်သွယ်နေသော အာဆီယံလမ်းမကြီးပေါ်တွင် တည်ရှိနေပါတယ်။ တောင်ပေါ်မြို့ဖြစ်သော ပြင်ဦးလွင် အနီးစခန်းလေဆိပ်မှာ ရှေးယခင်က ခရီးသွားပြည်သူများအတွက် အသုံးပြုခဲ့ပါတယ်။ နောက်ပိုင်းလေယာဉ်ကွင်းတိုးချဲ့ပြင်ဆင်ခဲ့တယ်လို့ သိရပါတယ်။ လေယာဉ်ကွင်းတိုးချဲ့ခဲ့သည့်အတွက် အနီးပတ်ဝန်းကျင်ရှိ တောင်သူယာမြေ၊ အိမ်မြေများလည်း ပါသွားခဲ့တဲ့အတွက် နစ်နာခဲ့ပါတယ်။ သို့သော်လည်း ဒေသခံပြည်သူများ ရင်းနှီးပေးဆပ်ခဲ့ရသော လေယာဉ်ကွင်းတိုးချဲ့ပြုပြင်ပေးခဲ့သော်လည်း ခရီးသည်များအတွက် လေယာဉ်ပြေးဆွဲခဲ့ခြင်းမရှိပါဘူး။ နိုင်ငံတော်အကြီးအကဲခရီးစဉ်လေယာဉ်များကတော့ တစ်ခါတရံဆင်းတယ်လို့ သိရပါတယ်။ လေယာဉ်လမ်းကြောင်းအဖြစ် လိုအပ်လျှင် ပြင်ဦးလွင်ဒေသနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ ဒေသထွက်ကုန်အချိန်နှင့်တစ်ပြေးညီ ကုန်စည်ပို့ဆောင်ရေးဆောင်ရွက်ပေးပါက ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ယခုအခါ ဧက ၁၀၀၀၀ စီမံကိန်းဖြစ်တဲ့

ရတနာပုံမြို့သစ်စီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိရာ IT ဇုန်၊ စက်မှုဇုန်၊ စီးပွားရေးဇုန်၊ စိုက်ပျိုးရေးဇုန်စတဲ့ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်စီစဉ်လျက်ရှိပါတယ်။ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများလည်း လာရောက်ပါက အနီးစခန်းလေဆိပ်ကို အသုံးပြုခြင်းဖြင့် ပိုမို အဆင်ပြေနိုင်မည်ဖြစ်ပါတယ်။ တံတားဦးလေဆိပ်နဲ့လည်း မိုင် ၅၀ ခန့် ဝေးကွာနေသဖြင့် ပြင်ဦးလွင် လေယာဉ်လိုင်းကို လိုအပ်လျက်ရှိပါတယ်။ တောင်ပေါ်ဒေသမှ ပြည်သူပြည်သားများရဲ့ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးအတွက် အလျင်လိုလျှင်သော်လည်းကောင်း၊ သက်ကြီးရွယ်အို ကျန်းမာရေး မကောင်းသူများအတွက် သက်သောင့်သက်သာခရီးသွားလိုလျှင်သော်လည်းကောင်း၊ ပြင်ဦးလွင် အနီး စခန်းလေဆိပ်တွင် လေယာဉ်အဆင်းအတက်ပြုလုပ်ပေးပါက အဆင်ပြေမည်ဖြစ်ပါတယ်။ ထို့ကြောင့် တိုင်းရင်းသားပြည်သူပြည်သားများ၏ ခရီးသွားလာရေးနှင့် လူမှုစီးပွားရေးအကျိုးအတွက် ပြင်ဦးလွင် အနီးစခန်းလေဆိပ်တွင် လေယာဉ်ခရီးစဉ်ဆောင်ရွက်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် မရှိပါက မည်သည့်အကြောင်းကြောင့်ဖြစ်သည်ကို သိလို၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်၍ မန္တလေး တိုင်းဒေသကြီး၊ ပြင်ဦးလွင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ခင်၏ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသနှင့် ပြင်ဦးလွင်မြို့နယ်ပြည်သူပြည်သူများ ခရီးသွားလာရာတွင် သက်သောင့်သက်သာ မြန်ဆန်အဆင်ပြေစေရေး၊ လူမှုစီးပွားအဆင်ပြေစေရေးအတွက် ပြင်ဦးလွင် အနီးစခန်းလေဆိပ်တွင် လေယာဉ်ခရီးစဉ်ပြုလုပ်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့် ပြမေးခွန်းအပေါ် ကျွန်တော် ဖြေကြားသွားမှာဖြစ်ပါတယ်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်မှာတည်ရှိတဲ့ အနီးစခန်းလေယာဉ်ကွင်းဟာဆိုရင် ဒုတိယကမ္ဘာစစ်မတိုင်မီ အင်္ဂလိပ်များ ဖောက်လုပ်ခဲ့တဲ့ လေယာဉ်ကွင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ဒါကိုတာလေယာဉ်များ တစ်လလျှင် နှစ်ကြိမ်ခန့်နှင့် တပ်မတော်(လေ)မှ လေယာဉ်များ၊ လေယာဉ်ငယ်များဆင်းသက်ခဲ့သော်လည်း ၁၉၅၇ ခုနှစ်နောက်ပိုင်းမှာ ပုံမှန်လေယာဉ် ဆင်းသက်မှုများ ရပ်ဆိုင်းသွားခဲ့ပါတယ်။ အဆိုပါ အနီးစခန်းလေယာဉ်ကွင်းကို ခေတ်အဆက်ဆက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက တာဝန်ယူထိန်းသိမ်းခဲ့ပါတယ်။ အနီးစခန်းလေယာဉ်ကွင်းရဲ့ မူလလေယာဉ်ပြေးလမ်း အလျား ၄၄၅၀ ပေ၊ အကျယ်ပေ ၂၀၀ ကို အလျားပေ ၁၀၀၀၀ ရရှိရန် မြောက်ဘက်သို့ တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၀၄ ခုနှစ် မတ်လမှာ စတင်ခဲ့ပြီး လေကြောင်းထိန်းမျှော်စင်နှင့် ခရီးသည်အဆောက်အဦ တည်ဆောက်ခြင်းလုပ်ငန်းများအပါအဝင် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလတွင် ပြီးစီးခဲ့ပါတယ်။ အနီးစခန်းလေယာဉ်ကွင်းသို့ ခရီးသည်တင်ပုံမှန်လေယာဉ်ခရီးစဉ်များ ပျံသန်းခဲ့ခြင်းမရှိသော်လည်း မြန်မာအမျိုးသားလေကြောင်းနှင့် တပ်မတော်(လေ)မှ လေယာဉ်များဖြင့် အရေးကြီးပုဂ္ဂိုလ်ခရီးစဉ်၊

တပ်မတော်မှ စစ်ဆင်ရေးနှင့် သက်ဆိုင်သည့်ခရီးစဉ်များ ဆင်းသက်မှုအနေနဲ့ ၂၀၁၅ ခုနှစ်မှာ (၅၂)ကြိမ်၊ ၂၀၁၆ ခုနှစ်မှာ (၆၃)ကြိမ်၊ ၂၀၁၇ ခုနှစ် ဩဂုတ်လအထိ ငါးကြိမ် အသီးသီးဆင်းသက်ခဲ့ပါတယ်။

လက်ရှိမှာ မြန်မာနိုင်ငံရဲ့လေကြောင်းသယ်ယူပို့ဆောင်ရေးအတွက် ပြည်တွင်းလေကြောင်းလိုင်း ၁၀ လိုင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကိုအခြေပြု၍ မြို့ပေါင်း ၂၉ မြို့သို့ ခရီးစဉ်များ ပျံသန်းပြေးဆွဲလျက်ရှိပါတယ်။ ရန်ကုန်မှ ပြင်ဦးလွင်အနီးစခန်းလေဆိပ်သို့ အကွာအဝေးအားဖြင့် ၃၂၀ နော်တီကယ်မိုင်ရှိပြီး ATR လေယာဉ်ဖြင့် ခရီးစဉ်ပျံသန်းမည်ဆိုပါက ပျံသန်းချိန် တစ်နာရီ မိနစ် ၄၀ ခန့်ကြာမြင့်မှာဖြစ်ပါ တယ်။ ATR လေယာဉ်ရဲ့ ရန်ကုန်-ပြင်ဦးလွင်ခရီးစဉ်ပျံသန်းချိန် တစ်နာရီ ၄၅ မိနစ်အတွက် ကုန်ကျစရိတ်(Operating Cost)(လေယာဉ်ငှားရမ်းခ၊ လေယာဉ်ဆီ၊ အာမခံကြေး၊ ဆင်းသက်ရပ်နားခ၊ လေကြောင်းထိန်းသိမ်းခ)အားလုံးမှာ စုစုပေါင်းကျပ် ၇.၀၇၂ သန်းခန့် ကုန်ကျမှာဖြစ်ပါတယ်။ ATR လေယာဉ်ဖြင့် ရန်ကုန်-ပြင်ဦးလွင်-ရန်ကုန်ခရီးစဉ် အသွားအပြန်ခရီးစဉ်တစ်ခေါက်အတွက်ဆိုလျှင် စုစုပေါင်း ခန့်မှန်းကျပ် ၁၄.၁၄၄ သန်းကုန်ကျမှာဖြစ်ပါတယ်။ ATR လေယာဉ်ဟာဆိုရင် ခရီးသည် ၇၀ ဦးအထိ လိုက်ပါနိုင်ပါသဖြင့် ရန်ကုန်-ပြင်ဦးလွင် အသွားခရီးစဉ်အတွက် လေယာဉ်လက်မှတ်ခ တစ်ဦးလျှင် ကျပ် ၁၀၈၈၀၀ နှုန်းဖြင့် ထိုင်ခုံ ၆၅ ခုံ ရောင်းချနိုင်မှသာလျှင် အရင်းငွေပြန်လည်ရရှိမှာဖြစ်ပါတယ်။ လက်ရှိမှာတော့ ပြည်တွင်းလေကြောင်းလိုင်းများအနက် မြန်မာအမျိုးသားလေကြောင်း၊ ရွှေမြန်မာလေကြောင်းလိုင်း၊ အေးရှားဝင်းလေကြောင်းလိုင်း၊ အဲယားကမ္ဘောဇလေကြောင်းလိုင်း၊ မန်းရတနာပုံလေကြောင်းလိုင်း၊ ရန်ကုန်အဲဝေးစ်လေကြောင်းလိုင်းတို့မှ လားရှိုးမြို့သို့ ခရီးစဉ်များပျံသန်းပြေးဆွဲလျက်ရှိရာ ၂၀၁၇ ခုနှစ် ဇူလိုင်လအတွင်းမှာ လေကြောင်းလိုင်းများရဲ့ လားရှိုးခရီးစဉ် ခရီးသည်အနေဖြင့် ပျမ်းမျှအားဖြင့် ၃၃ ဦးသာရှိကြောင်း တွေ့ရှိခဲ့ရပါတယ်။ ရန်ကုန်-လားရှိုး တိုက်ရိုက်ခရီးစဉ်ရရှိမှုတွက်ချေမကိုက်လို့၊ ဒီလေကြောင်းလိုင်းတွေဟာဆိုရင် တိုက်ရိုက်ပျံသန်းခြင်းမပြုဘဲ မန္တလေး၊ ဟဲဟိုး၊ တာချီလိတ် အစရှိတဲ့ ခရီးစဉ်များမှာ ကွန်းပတ်ခရီးစဉ်များအဖြစ် ပေါင်းစပ်ပျံသန်းကြလျက်ရှိပါတယ်။ အဲဒီလေယာဉ်ခရီးစဉ်များမှာ ပြင်ဦးလွင်ကို ထည့်သွင်းပြေးဆွဲရန်မှာလည်း အဓိကဆင်းသက်တဲ့ မန္တလေးမှ လားရှိုးသို့ ၁၄၅ နော်တီကယ်မိုင်ရှိပြီး ATR လေယာဉ်ပျံသန်းချိန် ၅၅ မိနစ်ခန့် ဖြစ်ပါတယ်။ အဆိုပါ မန္တလေး-လားရှိုးခရီးစဉ်မှာ ပြင်ဦးလွင်ကို တစ်ဆင့်ခံပျံသန်းရန်မှာလည်း မန္တလေးမှ ပြင်ဦးလွင်သို့ ၄၀ နော်တီကယ်မိုင်ရှိသဖြင့် ပျံသန်းချိန်အနေဖြင့် ၁၅ မိနစ်သာဖြစ်ပါသဖြင့် လေယာဉ်ခရီးစဉ်တစ်ရပ်အဖြစ် ပြေးဆွဲရန် မသင့်တော်တဲ့အကွာအဝေးဖြစ်ပါတယ်။

ရန်ကုန်မှ ပြင်ဦးလွင်သို့ ကားလမ်းအတိုင်း ၄၂၆ မိုင်ခန့်ကွာဝေးပြီး လက်ရှိတွင် ရန်ကုန်-ပြင်ဦးလွင် တိုက်ရိုက်ခရီးစဉ်ကို မော်တော်ယာဉ်လိုင်း ၁၂ လိုင်းမှ အဆင့်မြင့်ခရီးသည်တင်ယာဉ်များဖြင့် နေ့စဉ်ပြေးဆွဲလျက်ရှိပါတယ်။ ကားခအနေဖြင့် ကျပ် ၁၁၈၀၀ မှ ကျပ် ၂၀၃၀၀ ဈေးနှုန်းနဲ့ ပြေးဆွဲလျက်ရှိကြောင်း သိရှိရပါတယ်။ မန္တလေးမှ ပြင်ဦးလွင်မြို့သို့လည်း နေ့စဉ် ဘတ်(စ်)ကား၊ ယာဉ်ကြီး၊ ယာဉ်ငယ်များဖြင့် အချိန်မရွေးပြေးဆွဲလျက်ရှိပါတယ်။ ကားခအနေနဲ့ကတော့ ကျပ် ၁၅၀၀ နှင့် ကျပ် ၃၅၀၀ နှုန်းနဲ့ ပြေးဆွဲလျက်ရှိကြောင်းနှင့် ခရီးသွားချိန်က တစ်နာရီခွဲကနေ နှစ်နာရီခန့် ကြာမြင့်မှာဖြစ်ကြောင်း သိရှိရပါတယ်။ ပြည်တွင်းလေကြောင်းလိုင်းများသို့ ပြင်ဦးလွင်မြို့သို့ ခရီးစဉ်များတိုးချဲ့

ပျံသန်းပြေးဆွဲရန် အစီအစဉ်ရှိ/မရှိမေးမြန်းခဲ့ရာ လေကြောင်းလိုင်းများအနေနဲ့ လက်ရှိပျံသန်းပြေးဆွဲနေတဲ့ ခရီးစဉ်များမှာ ခရီးသည်ရရှိမှုအချိုးနည်းပါးနေခြင်းကြောင့် ခရီးစဉ်သစ်များ တိုးချဲ့ပြေးဆွဲမည်ဆိုပါက စီးပွားရေးအရ တွက်ခြေကိုက်မှုမရှိသည့်အတွက် လောလောဆယ် အနီးစခန်းလေဆိပ်သို့ ဆင်းသက်ပျံသန်းရန် အစီအစဉ်မရှိသေးပါကြောင်း သိရှိရပါတယ်။ လေကြောင်းခရီးစဉ်တိုးချဲ့ပြေးဆွဲရာမှာ အထူးသဖြင့် ပြည်တွင်းခရီးစဉ်အသစ်ပြေးဆွဲရန် ဖြစ်နိုင်ချေတွက်ချက်တဲ့နေရာမှာ အဲဒီဒေသရှိ ဒေသခံပြည်သူများရဲ့ငွေကြေးသုံးစွဲနိုင်မယ့်အခြေအနေ၊ ၎င်းဒေသမှ လေကြောင်းခရီးအသုံးပြုသွားလာနိုင်မယ့် မျှော်မှန်းချက်၊ အခြားသယ်ယူပို့ဆောင်ရေး လမ်းကြောင်းများဖြင့် လွယ်ကူစွာသွားလာမှုစတဲ့ အခြေအနေများကိုအခြေခံပြီး စဉ်းစားတွက်ချက်ရပါတယ်။

ခရီးသည် သယ်ယူပို့ဆောင်ရေးနည်းလမ်းများရဲ့လက်မှတ်ခကို နှိုင်းယှဉ်ကြည့်မယ်ဆိုပါက လေယာဉ်လက်မှတ်ခသည် ဈေးနှုန်းအမြင့်ဆုံးဖြစ်ပါတယ်။ ပြင်ဦးလွင်မြို့သည် မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်တွင်တည်ရှိပြီး သွားလာမှုလွယ်ကူချောမွေ့သည့်ဒေသဖြစ်တဲ့အတွက် လက်ရှိအခြေအနေမှာ ဒေသခံများအနေဖြင့် လက်မှတ်ခဈေးနှုန်းကြီးမြင့်သည့် လေယာဉ်ဖြင့်သွားလာခြင်းကို အမြဲတစေရွေးချယ်နိုင်မှာမဟုတ်ဘဲ အဆင်ပြေသွားလာနိုင်ပြီး ကုန်ကျစရိတ်သက်သာတဲ့မော်တော်ယာဉ်ခရီးစဉ်များကိုသာ ရွေးချယ်သွားလာကြမယ်လို့ သုံးသပ်တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး၏ ပြင်ဦးလွင်အနီးစခန်းလေဆိပ်မှာ လေယာဉ်ခရီးစဉ်ပျံသန်းပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်း၍ ပြင်ဦးလွင်သည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ ဒေသခံပြည်သူများအနေဖြင့် မော်တော်ယာဉ်များကို ပိုမိုအသုံးပြု၍ ခရီးသွားလာခြင်း၊ လေယာဉ်စီးခရီးသည်များ ရရှိမှုနည်းပါးခြင်း၊ ဈေးကွက်အခြေအနေအရ လေကြောင်းလိုင်းများတွက်ချေမကိုက်ခြင်းတို့ကြောင့် အနီးစခန်းလေဆိပ်သို့ ခရီးသည်တင်လေယာဉ်များ ပျံသန်းပြေးဆွဲပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မယ်စဲ့မြို့နယ်တွင် MPT တာဝါတိုင် ထပ်မံတိုးချဲ့တပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မယ်စဲမဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းလင်းလင်း(မယ်စဲမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ မယ်စဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်း ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့်မေးခွန်းကတော့ မယ်စဲမြို့နယ်တစ်မြို့နယ်လုံးအတိုင်းအတွက် MPT တာဝါတိုင် ထပ်မံတိုးချဲ့ တပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့တစ်မြို့ အမြန်ဖွံ့ဖြိုးဖို့အတွက်ဆိုရင် ဆက်သွယ်ရေးဟာ အဓိကအခန်းကဏ္ဍကျတဲ့အထဲမှာ ပါဝင်ပါတယ်။ ကျွန်တော်တို့မြို့လေးဟာ ကယားပြည်နယ်အတွင်းမှာရှိတဲ့ မြို့နယ်ခုနစ်မြို့နယ်ရှိသည့်အနက် ဖွံ့ဖြိုးမှုအနောက်ကျဆုံးမြို့လည်း ဖြစ်ပါတယ်။ ယခုအခါမှာ ကျေးလက်နေပြည်သူလူထုများသည် မျက်စိပွင့်၊ နားပွင့်ဖြစ်လာပြီဖြစ်၍ ဆက်သွယ်ရေးကို လိုလားတောင့်နေကြ

ပါတယ်။ လွှတ်တော်နားတဲ့အခိုက် ပြည်သူလူထုနဲ့တွေ့ဆုံတဲ့အခါမှာ ဆက်သွယ်ရေးတာဝါတိုင်ကိုပဲ အဓိကတောင်းဆိုကြပါတယ်။ တစ်မြို့နယ်လုံးအတိုင်းအတာနဲ့ တယ်လီဖုန်းဆက်သွယ်နိုင်ဖို့ အင်တာနက်လိုင်းကောင်းမွန်နိုင်ဖို့ဆိုတာကိုပဲ တောင်းဆိုကြပါတယ်။ အခုဆိုရင် ဖုန်းပြောချင်လွန်းလို့၊ အင်တာနက်သုံးချင်လွန်းလို့ တောင်ပေါ်ကိုတက်ပြီး လိုင်းရှာနေရတဲ့အဖြစ်မျိုး နှစ်မိုင်၊ သုံးမိုင်လောက် ဝေးသော်ငြားလည်း ဖုန်းသွားရောက်ပြောနေရတဲ့ သူတို့ဘဝရဲ့ဒုက္ခကို စာနာမိပါတယ်။ ကျွန်တော် အပါအဝင် ဖုန်းလိုင်းမမိတဲ့ဒုက္ခကို ရင်ဆိုင်ကြုံတွေ့ခံစားနေရပါတယ်။ အရင်ကဆိုရင် ဖုန်းတာဝါတိုင် တစ်တိုင်လာထောင်ပြီးစဆိုရင် ကျွန်တော်တို့နေတဲ့ ဟိုစဲကျေးရွာမှာ ဖုန်းလိုင်းမိခဲ့ပါတယ်။ အခုဆိုရင် လက်ကိုင်ဖုန်းတောင်မပြောနဲ့ လိုင်းဆွဲအားကောင်းတဲ့ အထိုင်ဖုန်းလေးတောင် မရဘူးဖြစ်နေပါတယ်။ ဖုန်းဆက်ချင်ရင် အထိုင်ဖုန်းလေးကို သုံး၊ လေးနေရာလောက်ရွှေ့ပြီး ဖုန်းဆက်နေရပါတယ်။ လွန်ခဲ့တဲ့လက 4G အင်တာနက်ရအောင်ဆိုပြီး တိုင်ကိုလာရောက်အဆင့်မြှင့်တင်ခဲ့ပါတယ်။ ဒါပေမဲ့ မယ်စဲမြို့ပေါ်မှာတော့ 4G အင်တာနက်လိုင်းကောင်းလာခဲ့ပြီး ကျွန်တော်တို့ နေတဲ့ကျေးရွာကလေးမှာ အင်တာနက်မပြောနဲ့ ဖုန်းတောင်လိုင်းမမိဘူး ဖြစ်သွားခဲ့ပါတယ်။ မြန်မာ့ဆက်သွယ်ရေးဌာနမှ သက်ဆိုင်သူကိုမေးမြန်းတဲ့အခါမှာ ကိုးလပိုင်းကုန်ရင် တာဝါတိုင်လာရောက် တပ်ဆင်တိုးချဲ့ထောင် မယ်လို့ပြောပါတယ်။ အခုတော့ ၁၀ လပိုင်းလည်းကုန်ခါနီးပါပြီ။ ဒီတာဝါတိုင်တိုးချဲ့ထောင်ဖို့ကို ဘယ်နေရာမှာ နှောင့်နှေးကြန့်ကြာသလဲဆိုတာတော့ မသိဘူးဖြစ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ဖြစ်တဲ့ ကျွန်တော်တို့ကို လူထုတွေကတွေ့ပြီဆိုရင် ဆက်သွယ်ရေးဘယ်အချိန်ကောင်းမှာလဲ၊ ဖုန်းဘယ်အချိန်ပြောလို့ရမှာလဲ၊ အင်တာနက်ဘယ်အချိန် သုံးလို့ရမှာလဲဆိုတဲ့မေးခွန်းကို ခဏခဏမေးမြန်းခဲ့ပါတယ်။ ကျွန်တော်ကလည်း အဆင်ပြေသလို သူတို့ကျေနပ်အောင် ဖြေခဲ့ရပေါင်းလည်း မနည်းဘူးဖြစ်ခဲ့ပါတယ်။ အခုဆိုရင် ကျွန်တော့်ရဲ့ မယ်စဲ မဲဆန္ဒနယ်ဖြစ်တဲ့ မယ်စဲမြို့နယ်ရဲ့အလိုချင်ဆုံးအရာက ဆက်သွယ်ရေးပါပဲ။ သူများတွေမြို့မှာ Telenor၊ Ooredoo၊ MPT စသည့်တာဝါတိုင်ရှိတဲ့အခိုက် ကျွန်တော်တို့ မယ်စဲမြို့လေးကတော့ MPT တာဝါတာတစ်တိုင်ပဲရှိပါတယ်။ ဒီတာဝါတာတစ်တိုင်ပဲ အားကိုးနေရတော့ မယ်စဲမြို့ပေါ်လေးလောက် ပဲ ဆက်သွယ်ရေးကောင်းပါတယ်။ အင်တာနက်လိုင်းကောင်းပါတယ်။ မြို့ဘေးလေးမှာရှိတဲ့ရွာကတော့ တယ်လီဖုန်းလိုင်းလည်းမကောင်း၊ အင်တာနက်လိုင်းလည်းမကောင်း။ ဒါကြောင့် ကျွန်တော့်မယ်စဲ မြို့နယ်လေးကို MPT တာဝါတိုင်ထပ်မံတိုးချဲ့တပ်ဆင်ပေးပါလို့ မယ်စဲမဲဆန္ဒရှင်ပြည်သူလူထုကိုယ်စား တောင်းဆိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြို့လေးဟာ အိမ်နီးချင်းထိုင်းနိုင်ငံနှင့် ထိစပ်နေသော မြို့လေး ဖြစ်ပါတယ်။ အိမ်နီးချင်းထိုင်းနိုင်ငံကို သွားရောက်ကြည့်တဲ့အခါမှာ သူတို့နိုင်ငံရဲ့ကျေးရွာတွေကို ကြည့်လိုက်တိုင်း တစ်ရွာကိုတာဝါတိုင်တစ်ခုလောက်ဆီရှိနေပါတယ်။ ရွာတိုင်းလိုလို လက်ကိုင်ဖုန်း ဆက်လို့ရပါတယ်။ အင်တာနက်လိုင်းလည်း ကောင်းကောင်းသုံးလို့ရပါတယ်။ ဒါကြောင့် ကျွန်တော့် မယ်စဲမြို့လေးကို တစ်မြို့နယ်လုံးအတိုင်းအတာနဲ့ MPT တာဝါတိုင်ထပ်မံတိုးချဲ့တပ်ဆင်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် စတင်အကောင်အထည်ဖော်မည်ကို သိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဆက်လက်၍ ကယားပြည်နယ်၊ မယ်စဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်း မေးမြန်းထားတဲ့ ကယားပြည်နယ်၊ မယ်စဲမြို့နယ်မှာ တစ်မြို့နယ်လုံးအတိုင်းအတာနှင့် (GSM-3G)ဖုန်းလိုင်း များရရှိရန် MPT တာဝါတိုင်ထပ်မံတိုးချဲ့တပ်ဆင်ပေးနိုင်ရေး အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော်ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ ကယားပြည်နယ်အတွင်း တည်ဆောက်ဖွင့်လှစ်၍ မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိတဲ့ GSM-3G စခန်း ၅၆ ခုအနက် မယ်စဲမြို့ပေါ်တွင် GSM-3G စခန်းတစ်ခုကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ရက်နေ့မှာ ဖွင့်လှစ်ခဲ့ပါတယ်။ အလားတူ တယ်လီနောမြန်မာလီမိတက်မှ ကယားပြည်နယ်အတွင်း GSM-3G စခန်း ၅၆ ခုနှင့် အော်ရီဒူးမြန်မာလီမိတက်မှ GSM စခန်း ၃၇ ခုတို့ကို တည်ဆောက်ဖွင့်လှစ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ Power Point ဖြင့်တင်ပြခွင့်ပြုပါခင်ဗျား။

ဒါက ကယားပြည်နယ်တစ်ခုလုံးမှာ အော်ပရေတာ၊ MPT၊ Telenor၊ Ooredoo မှ တည်ဆောက်ထားတဲ့ ဒီထဲရှိတဲ့ တာဝါတိုင်တွေဖြစ်ပါတယ်။ ကျွန်တော်တို့ အပေါ်ပိုင်းမှာတွေ့ရတယ်ဆိုရင် တာဝါတိုင်အများစုဟာ လွိုင်ကော်မြို့နယ်၊ ဒီမောဆိုမြို့နယ်နှင့် ဖရူဆိုမြို့နယ်လူဦးရေအများဆုံးနေထိုင်တဲ့ ဒေသတွေမှာဖြစ်ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါပေမဲ့ ထို့အပြင် မယ်စဲမြို့နယ်အတွင်း ဆက်သွယ်မှုပိုမိုကောင်းမွန်စေရန် ဟိုစဲရွာ၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝါတိုင်တစ်တိုင်ထပ်မံတိုးချဲ့တည်ဆောက်ပြီး GSM-3G စခန်းဖွင့်လှစ်ပြီး မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးဝန်ဆောင်မှုပေးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ကယားပြည်နယ်အတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ တယ်လီနောမြန်မာလီမိတက်နှင့် အော်ရီဒူးမြန်မာလီမိတက်တို့မှ GSM-3G စခန်းများ တည်ဆောက်ဖွင့်လှစ်ဆောင်ရွက်ပေးလျက် ရှိတဲ့အခြေအနေနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးမြန်းချက်အပေါ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မယ်စဲမြို့နယ်အတွင်း ဟိုစဲရွာ၌ GSM-3G စခန်းတစ်ခုတိုးချဲ့ဖွင့်လှစ်ရန် လျာထားချက်တို့ကို တင်ပြလျက် ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က လူငယ်လူရွယ်များ အကျင့်စာရိတ္တပျက်ပြားစေခြင်း၊ ရပ်ရွာတည်ငြိမ်အေးချမ်းမှုပျက်ပြားစေခြင်းတို့ကြောင့် IT နည်းပညာသုံးစွဲမှုကို လိုအပ်သလို စောင့်ကြည့်ထိန်းကျောင်းနိုင်ရန် (Monitoring) ပြုလုပ်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့်လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံး အဖြတ် ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါ်ယဉ်မင်းလှိုင်အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်ယဉ်မင်းလှိုင်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များရှင့်။ ကျွန်မကတော့ ဂန့်ဂေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင် ဖြစ်ပါတယ်။ ကျွန်မက ဒီနေ့ လူငယ်လူရွယ်များ အကျင့်စာရိတ္တပျက်ပြားစေခြင်း၊ ရပ်ရွာတည်ငြိမ် အေးချမ်းမှုပျက်ပြားစေခြင်းတို့ကြောင့် နိုင်ငံတစ်ဝန်းမှာ သုံးစွဲနေတဲ့ IT နည်းပညာနှင့်ပတ်သက်ပြီး လိုအပ်သလို စောင့်ကြည့်ထိန်းကျောင်းနိုင်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းတဲ့အဆိုတစ်ရပ်ကို တင်သွင်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာနမှရရှိသော အချက်အလက်များအရ ဒီနှစ်မေလကုန်အထိ နိုင်ငံတစ်ဝန်းမှာ မိုဘိုင်းဖုန်းအသုံးပြုသူ ၅၄.၃၄ သန်းနှင့်အထက်ရှိပါတယ်။ လူဦးရေနှင့်တွက်လို့ရှိရင် ၁၀၅.၅၃ ရာခိုင်နှုန်းအသုံးပြုပါတယ်။ ဒီထဲကမှ ၉၀ ရာခိုင်နှုန်းအထက်က Smart Phone အသုံးပြုကြပြီးတော့ အင်တာနက်ကိုလည်း အသုံးပြုကြပါတယ်။ အင်တာနက်အသုံးပြုသူ ရာနှုန်းပြည့်နီးပါးကလည်း လူမှုကွက်တွေဖြစ်တဲ့ Social Network ဖြစ်တဲ့ Facebook ၊ Instagram ၊ Twitter တွေထဲက Facebook ကို အထူးအသုံးပြုကြပါတယ်။ ဒီလိုအသုံးပြုတဲ့အခါမှာ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ နိုင်ငံရေးအစရှိသဖြင့် များစွာအကျိုးကျေးဇူးတွေရှိနေတာကို အားလုံးပဲ သိရှိကြမှာဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ ကျန်းမာရေးနည်းပညာတွေ ဖြန့်ဝေကြတယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေ သိရှိရတယ်။ လူမှုရေးအရ သဘာဝဘေး၊ လူလုပ်ဘေး၊ ရာဇဝတ်မှု အစရှိတဲ့ ဘေးဒုက္ခတွေကို ကူညီကယ်ဆယ်ချိတ်ဆက်ကြတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးတွေကို လေ့လာသင်ယူနိုင်တယ်။ အဲဒီလိုအလွန်များပြားတဲ့ ကောင်းကျိုး သက်ရောက်မှုတွေရှိသလို ဆိုးကျိုးသက်ရောက်မှုတွေရှိတာကိုလည်း မည်သူမှ ငြင်းပယ်နိုင်မှာ မဟုတ်ပါဘူးရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ သတင်းစာ၊ ဂျာနယ်အစရှိတဲ့ မီဒီယာတွေထက် လူမှုကွန်ရက်ကပေးတဲ့ သတင်းစကားများဟာ ပြည်သူတွေကြားမှာ ထိရောက်မြန်ဆန်ပြီးတော့ Main Street အဓိကလမ်းကြောင်းဖြစ်နေတာကို အားလုံး သတိပြုမိကြမှာဖြစ်ပါတယ်။ သတင်းမှန်တွေလိုပဲ သတင်းမှားတွေဟာလည်း အလွန်လျင်မြန်တဲ့အရှိန်အဟုန်နဲ့ ပြည်သူတွေကြားထဲကို ပျံ့နှံ့သွားနေတာ တွေ့မြင်ကြရမှာဖြစ်ပါတယ်။ ဒီ Social Network တစ်ခုဖြစ်တဲ့ Facebook မှာ သုံးစွဲသူတွေ လိုက်နာရမယ့် Community Standard တွေ သတ်မှတ်ထားပြီးတော့ Report လုပ်နိုင်တယ်ဆိုပေမဲ့ Translating Machine မပြီးပြတ်သေးတဲ့အခြေအနေအရ နာရီနှင့်အမျှ သန်းနှင့်ချီသောအသုံးပြုသူ

တို့ရဲ့ ဆောင်ရွက်ချက်တွေကို သိရှိနိုင်ဖို့ဟာ အလွန်ခက်ခဲပါတယ်။ မလိုလားအပ်တဲ့ လူငယ်လူရွယ်တွေကို ပစ်မှတ်ထားတဲ့ ညစ်ညမ်းရုပ်ပုံတွေ၊ Video File တွေ ဖြန့်ချိမှု၊ လူမျိုးရေး၊ ဘာသာရေးအစွန်းရောက်သူများရဲ့ လှုပ်ရှားမှုများဟာ အမည်ဝှက်အမျိုးမျိုး၊ Account အမျိုးမျိုးနဲ့ လူမှုကွန်ရက်ရဲ့ ဆိုးကျိုးများဖြစ်လာတာကို တွေ့ရှိနေရပါတယ်ရှင့်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ အာဆီယံအပါအဝင် အခြားနိုင်ငံများမှာ အသုံးပြုသူရဲ့ Identity ကို တင်းကြပ်စွာထိန်းချုပ်ထားပြီး စည်းကမ်းဖောက်လို့ရှိရင် အရေးယူပါတယ်။ အခု ကျွန်မတို့နိုင်ငံမှာတော့ SIM Card မှတ်ပုံတင်တဲ့လုပ်ငန်းစဉ်ပြုလုပ်နေပေမဲ့ ထိထိရောက်ရောက် စည်းကမ်းကြပ်မတ်နိုင်မှုမရှိသေးတာကို တွေ့ရှိရပါတယ်။ လူမှုကွန်ရက်မှတစ်ဆင့် တရားမဝင် လောင်းကစားမှု၊ မတရားမဝင်ရောင်းဝယ်မှု၊ တစ်ဦးတစ်ယောက်၏ဂုဏ်သိက္ခာကျဆင်းစေရန်ရည်ရွယ်ချက်ရှိရှိ လုပ်ကြံဖြန့်ချိမှု၊ လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခဖြစ်စေတဲ့ အမုန်းစကားများ၊ သတင်းမှားများ လုပ်ကြံဖန်တီးမှုတို့ကြောင့် ရာဇဝတ်မှုခင်းတွေထဲမှာဆိုရင်လည်း သက်ငယ်မုဒိမ်းမှုတွေ၊ လိင်ပိုင်းဆိုင်ရာ ရာဇဝတ်မှုတွေနဲ့ လူမျိုးရေး၊ ဘာသာရေးအရ စိတ်ဝမ်းကွဲပြားမှုတွေ မြင့်တက်နေတာကို စိုးရိမ်ဖွယ်ရာ တွေ့ရှိရပါတယ်။ လူငယ်လူရွယ်တွေ စိတ်ဓာတ်ပျက်ပြားပြီး အကျင့်စာရိတ္တတွေ ပိုမိုပျက်စီးလာတာဟာ နိုင်ငံရဲ့တည်ငြိမ်အေးချမ်းမှုကို ထိခိုက်လာစေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ အချို့သောတာဝန်သိသူ နိုင်ငံသားကောင်းများ၊ မီဒီယာသမားများဟာ နိုင်ငံရဲ့အရေးကို ဒီလူမှုကွန်ရက်တွေကနေ စောင့်ကြည့်ပြီး မည်သူကမှ တာဝန်ပေးခိုင်းစေခြင်းမရှိပေမဲ့ သတင်းအမှားများ၊ အမုန်းစကားများကို အမြန်ပြန်လည်ဖြေရှင်းခြင်း၊ သတင်းမှန်တင်ပေးခြင်းတို့ဖြင့် တာဝန်သိသိနဲ့ နိုင်ငံ့တာဝန်ကို အများပြည်သူအသိအမှတ်ပြုခြင်းခံရသည်ဖြစ်စေ၊ အသိအမှတ်ပြုခြင်းမခံရသည်ဖြစ်စေ ဆောင်ရွက်နေကြတာကို လေ့လာတွေ့ရှိရတဲ့အတွက် ဒီနေရာမှ ဂုဏ်ပြုစကားပြောကြားလိုပါတယ်။ သူတို့ရဲ့ နိုင်ငံ့သားကောင်းပီသစွာ တာဝန်သိတတ်မှုဟာ လူမှုကွန်ရက်ဆိုးကျိုးတွေကို ထိထိရောက်ရောက်အကြိမ်များစွာ ချေဖျက်နိုင်တာကိုလည်း တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့တိုင်းပြည်ရဲ့ ငြိမ်းချမ်းတဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ကို သွားနေတဲ့ခရီးလမ်းမှာ တိုင်းပြည်ရဲ့သယံဇာတဖြစ်တဲ့၊ လူစွမ်းအားအရင်းအမြစ်ဖြစ်တဲ့ ပြည်သူတွေနဲ့ လူငယ်တွေရဲ့အကျင့်စာရိတ္တပိုင်းဆိုင်ရာဟာ အလွန်အရေးကြီးသလို လူမျိုးရေး၊ ဘာသာရေးတို့နဲ့ သွေးခွဲမှုများ ဖန်တီးခံနေရတဲ့အရေးဟာလည်း အလွန်အရေးကြီးပါတယ်။ ဒီလိုလူမျိုးရေး၊ ဘာသာရေးလှုံ့ဆော်မှုတွေကို ဖြန့်ချိခံနေရခြင်းသည် ကျွန်မတို့နိုင်ငံရဲ့ အခြေအနေအတွက်တော့ Cyber တိုက်ခိုက်မှုကြောင့် ကိုယ်ရေးကိုယ်တာအချက်အလက်တွေ ပေါက်ကြားခြင်းထက်ပင် အရေးကြီးတယ်လို့ ရှုမြင်မိပါတယ်။ ဒီလိုလှုံ့ဆော်မှုတွေကို ပညာဉာဏ်ဗဟုသုတရှိသူတို့က ချင့်ချိန်ယုံကြည်ကြမှာဖြစ်ပေမဲ့ ဗဟုသုတနည်းပါးတဲ့ ပြည်သူတချို့အတွက်ကတော့ လူမှုကွန်ရက်ကရတဲ့သတင်းတိုင်းကို ယုံကြည်နေကြတာဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ နိုင်ငံသားမှန်ရင် လူမျိုး၊ ဘာသာ၊ ဆင်းရဲ၊ ချမ်းသာခွဲခြားမှုမရှိဘဲ ပညာသင်ယူမှု၊ စီးပွားလုပ်ကိုင်မှု၊ အလုပ်အကိုင်အခွင့်အလမ်းတို့မှာ တန်းတူအခွင့်အရေးပေးနေတာဖြစ်ပါတယ်။ ဥပမာအားဖြင့် ကျွန်မပညာသင်ယူခဲ့တဲ့ မန္တလေးစက်မှုတက္ကသိုလ်မှာ တိုင်းရင်းသားကျောင်းနေဖက်တွေ၊ အိန္ဒိယနှင့် တရုတ်လူမျိုးကျောင်းနေဖက်တွေ

များစွာရှိပြီး တက္ကသိုလ်မှ ဆရာဆရာမများဟာ လုံးဝခွဲခြားဆက်ဆံမှု၊ နှိမ့်ချဆက်ဆံမှုမရှိဘဲ တစ်သားတည်း ချစ်ခင်စွာပညာသင်ကြားပေးတာဖြစ်ပါတယ်။ အလုပ်အကိုင်တွေလည်း တန်းတူအခွင့်အရေးရရှိကြလို့ အခုဆိုရင် ဌာနအသီးသီးမှာ အဆင့်မြင့်အရာရှိကြီးများအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ နိုင်ငံအနှံ့မှာလည်း နိုင်ငံသားများဟာ လက်ညှိုးထိုးမလွဲ လူမျိုးဘာသာပေါင်းစုံ လွတ်လပ်စွာအခြေချနေထိုင်စီးပွားရှာလျက် နိုင်ငံသားဟူ၍ နိုင်ငံသားအခွင့်အရေးကို ခွဲခြားဆက်ဆံခံရမှုမရှိဘဲ အပြည့်အဝခံစားလျက်ရှိပါတယ်။ သို့ပေမဲ့ အခုဆိုရင် နိုင်ငံသားမဟုတ်သူများက လူ့အခွင့်အရေးကိုအကြောင်းပြု၍လည်းကောင်း၊ ပြည်တွင်းပြည်ပရှိ လူမျိုးရေး၊ ဘာသာရေး အစွန်းရောက်သူများကလည်း ဒီလိုလူမှုကွန်ရက်တွေမှာ လှုံ့ဆော်မှုတွေအမျိုးမျိုးပြုလုပ်ပြီးတော့ ကျွန်မတို့နိုင်ငံကို လူမျိုးရေး၊ ဘာသာရေးခွဲခြားတဲ့နိုင်ငံအဖြစ် ပုံဖော်လျက်ရှိပါတယ်။ နိုင်ငံရဲ့ တည်ငြိမ်အေးချမ်းမှုကို ပျက်စီးအောင် ရည်ရွယ် ချက်ရှိရှိ ပြုလုပ်နေကြတာ လေ့လာတွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရမှ IT နည်းပညာကို အလွဲအသုံးပြုမှုများ ရည်ရွယ်ချက်ဆိုးဖြင့် အသုံးပြုမှုများကို စောင့်ကြည့်ထိန်းကျောင်းရန်လိုအပ်လာပြီလို့ ယူဆမိပါတယ်။ မီဒီယာလွတ်လပ်ခွင့်ကိုလည်း မထိပါးစေဘဲ ပြည်သူတို့ရဲ့ သတင်းသိပိုင်ခွင့်၊ သတင်းရယူပိုင်ခွင့်၊ Right to Information ကိုလည်း မထိခိုက်စေဘဲ ဒီမိုကရေစီရဲ့အခွင့်အရေးကို အများပြည်သူတို့ အပြည့်အဝ မှန်မှန်ကန်ကန် ရရှိစေရန်အတွက် စည်းစနစ်တကျရှိတဲ့ နည်းလမ်းတွေရှာဖွေပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရအနေနဲ့ IT နည်းပညာအလွဲသုံးစွဲမှုများကို စောင့်ကြည့်ထိန်းကျောင်းမှုများ ပြုလုပ်ပေးပါရန် အဆိုပြုတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ ဒေါ်ယဉ်မင်းလှိုင် တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်မိုမိုအောင်(လသာမဲဆန္ဒနယ်)။** ။ လေးစားတန်ဖိုးထားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ မင်္ဂလာပါရှင်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လသာမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မိုမိုအောင် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဒေါ်ယဉ်မင်းလှိုင် တင်သွင်းသွားတဲ့အဆိုဟာ ပြည်သူ့လွှတ်တော်မှာ ဆွေးနွေးသင့်တဲ့အဆိုတစ်ခုဖြစ်ကြောင်း ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။ ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးတာဟာ Freedom of Expression လို့ခေါ်တဲ့ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ထိပါးစေလိုလို့ မဟုတ်ပါဘူး။ ပြည်သူလူထုကြီးတစ်ရပ်လုံး လူ့ဂုဏ်သိက္ခာနဲ့အညီ နေထိုင်လာဖို့ ပြည်သူလူထုကြီးမှာ လွတ်လပ်စွာပြောဆိုနိုင်ခွင့် အခွင့်အရေးရှိတယ်ဆိုရင် ပြည်သူလူထုကြီးဟာ လွတ်လပ်စွာပြောဆိုနိုင်ဖို့အတွက် မှန်ကန်တဲ့သတင်းအချက်အလက်များ ရရှိနိုင်ဖို့ လိုအပ်ပါတယ်။ လူတစ်ဦးဟာ သတင်းအချက်အလက်အမှန်ကို အချိန်နှင့်တစ်ပြေးညီမသိရဘဲ သူ့ဘဝမှာ ဂုဏ်သိက္ခာနှင့်ရှင်သန်နေထိုင်နေပါတယ်လို့ ပြောလို့မရပါဘူး။ ယခု ဒေါ်ယဉ်မင်းလှိုင် တင်သွင်းတဲ့အဆိုဟာ ပြည်သူလူထု တစ်ဦးချင်းစီရဲ့ သတင်းအမှန်ကိုသိရှိပိုင်ခွင့်ကို အထူးတလှယ်ပံ့ပိုးပေးမယ့် အဆိုတစ်ခုဖြစ်နေတဲ့အတွက် ကျွန်မအနေနဲ့ ဒေါ်ယဉ်မင်းလှိုင် တင်သွင်းတဲ့အဆိုကို ပြည်သူ့လွှတ်တော်မှာ ဆွေးနွေးသင့်ကြောင်း ထောက်ခံဆွေးနွေးရခြင်းဖြစ်ပါတယ်။

လေးစားတန်ဖိုးထားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများရှင်။ ဒေါ်ယဉ်မင်းလှိုင် တင်သွင်းတဲ့အဆိုဟာ ယနေ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေနဲ့ ရင်ဆိုင်ဖြေရှင်းနေရတဲ့ စိန်ခေါ်မှုများ ပြေလျော့သွားအောင် ဆောင်ရွက်သွားမယ့် တန်ဖိုးရှိတဲ့အဆိုတစ်ရပ်ဖြစ်ပါတယ်။ ပထမဦးစွာ အာဏာဗဟိုပြု အတ္တဝါဒီများရဲ့ လူမျိုးရေးနဲ့ ဘာသာရေးကို အသုံးချပြီး အာဏာအိမ်မက်မက်နိုင်ရေး အတွက် ဆိုရှယ်မီဒီယာကိုအသုံးချပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့၏ ချော့မွေ့စွာအသွင်ကူးပြောင်းရေးရည်မှန်းချက်ကို အကြီးအကျယ်စိန်ခေါ်နေတာဖြစ်တဲ့အတွက် ဆိုရှယ်မီဒီယာအသုံးပြုနေသူများကို စနစ်တကျ စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ စောင့်ကြည့်ကြပ်မတ်ပေးစေလိုတဲ့ ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆိုဟာ အလွန်သင့်မြတ်တဲ့အဆိုဖြစ်ကြောင်း ဆွေးနွေးပါမယ်။

ဒုတိယအနေနဲ့ မသမာတဲ့သန္ဓေနဲ့ မွေးဖွားကြီးပြင်းလာတဲ့ လူတချို့ဟာ ဆိုရှယ်မီဒီယာကို အသုံးချပြီး လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုများအပါအဝင် အခြားသောမသမာမှုများကို ကျူးလွန်နေခြင်းဟာ ကျွန်မတို့အားလုံး တန်ဖိုးထားလေးစားရတဲ့ ပြည်သူလူထုတစ်ဦးချင်းရဲ့ လုံခြုံရေးကို အကြီးအကျယ်ထိခိုက်စေပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့၏ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူ့ဘဝလုံခြုံရေးဆိုသည့် ရည်မှန်းချက်ကို တိုက်ရိုက်စိန်ခေါ်နေသလိုဖြစ်နေတာကြောင့် ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆိုဟာ အလွန်ကောင်းမွန်တဲ့ အဆိုဖြစ်ကြောင်း ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။

တတိယနှင့်နောက်ဆုံးအနေနဲ့ကတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရဟာ အမျိုးသားရင်ကြားစေ့ရေးကို အကောင်အထည်ဖော်ဆောင်ရွက်နေချိန်မှာ နိုင်ငံတော်၏ အရေးကြီးတဲ့တာဝန်များကို ထမ်းဆောင်နေကြတဲ့ ပုဂ္ဂိုလ်များ အကြားအထင်အမြင်လွဲမှားပြီး အမျိုးသားရင်ကြားစေ့ရေးကိစ္စ နှောင့်နှေးကြန့်ကြာနိုင်သမျှ ကြန့်ကြာအောင် စည်းပျက်ကမ်းပျက်၊ ပရမ်းပတာ လူတစ်စုက ဆိုရှယ်မီဒီယာကိုအသုံးချပြီး လုပ်ဆောင်နေကြတာဖြစ်တဲ့အတွက် စောင့်ကြပ်ထိန်းမတ်ဖို့အတွက် တိုက်တွန်းတဲ့ ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆိုကို လှိုက်လှိုက်လှဲလှဲထောက်ခံကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန်တိုက်တွန်းသွားမှာဖြစ်ပါတယ်ရှင်။ ကျေးဇူးပြု၍ Power Point သုံးစွဲခွင့်ပြုပါရှင်။

လေးစားတန်ဖိုးထားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများရှင်။ ယခုအချိန်မှာ အာဏာဗဟိုပြု အတ္တဝါဒီများဟာ ဆိုရှယ်မီဒီယာကိုအသုံးပြုပြီး လူမျိုးနှင့်ကိုးကွယ်ယုံကြည်မှုမတူသည့် အသိုက်အဝန်းများအကြား အမုန်းတရားများ၊ ရန်လိုမုန်းတီးစိတ်များ၊ ပြန့်ပွားလာအောင် Account အတုအမျိုးမျိုးနှင့် လုပ်ကြံဖန်တီးထားသည့်ဓာတ်ပုံများ၊ စာသားများကို ဖြန့်ဝေနေပါတယ်။ ဥပမာအနေနဲ့ Power Point ကိုကြည့်ပါရှင်။ ဗုဒ္ဓဘာသာဝင်အများအပြား ယုံကြည်လေးစားကြည်ညိုရတဲ့ သီတဂူဆရာတော်ကြီးရဲ့စာသင်တိုက်အတွင်းမှာ လက်နက်များ ဖမ်းဆီးရမိသည်ဟုဖော်ပြထားပါတယ်။ ဒါဟာ သတင်းမှန်မဟုတ်ကြောင်း သာသနာရေးဝန်ကြီးကပါ ဝင်ရောက်ရှင်းလင်းရတဲ့အထိ ဖြစ်ခဲ့ပါတယ်။ ဒီကိစ္စဟာ အာဏာဗဟိုပြုအတ္တဝါဒီများဟာ ၎င်းတို့နဲ့

ကိုးကွယ်ယုံကြည်ရာမတူသည့် လူပုဂ္ဂိုလ်များကို တိုက်ခိုက်လိုသည်ထက် ပြည်သူလူထုက နိုင်ငံတော်အစိုးရကို အထင်အမြင်လွဲမှား ယုံကြည်အားထားခြင်းမရှိတော့အောင် စိတ်ကူးယဉ်ဆန်ဆန်နှင့် လုပ်ဆောင်နေခြင်းဖြစ်တယ်ဆိုတာကို သက်သေအဖြစ် ဖော်ပြနေပါတယ်။ ပြည်သူလူထုဘက်က ကြည့်မယ်ဆိုရင်လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ ဒီမိုကရေစီအမွေးအတောင်မစုံလင်နိုင်သေးချိန်မှာ ပြည်သူလူထုအကြား အတွေးအမြင်မမြင့်မားသူတွေဟာ အထက်ပါအာဏာဇဟိုပြု အတ္တဝါဒီများရဲ့နှပ်ကြောင်းအတိုင်း အလွယ်တကူလိုက်ပါသွားခြင်းဖြင့် ငါနှင့်မတူငါ့ရန်သူဆိုသည့် ပူးပေါင်းဆောင်ရွက်တတ်ခြင်းအလေ့အထကို ဆန့်ကျင်သည့် တစ်ကိုယ်ကောင်းဝါဒကို အစွဲကြီးဆွဲပြီး ကျွန်မတို့ ပြည်ထောင်စုအတွင်း ရန်လိုတတ်သူများအဖြစ် နေထိုင်နှောင့်ယှက်သွားတော့မယ့်အခြေအနေမျိုးကို ရောက်ရှိသွားတော့မှာ ဖြစ်ပါတယ်ရှင်။ ကျွန်မတို့အားလုံး အတူယှဉ်တွဲနေထိုင်တဲ့ ပြည်ထောင်စုကြီးအတွင်းမှာ ဉာဏ်တိမ်ပြီး အသိတရားနည်းပါးတဲ့ အမိုက်အမဲတွေဟာ တစ်ချိန်လုံး ကိုးကွယ်ယုံကြည်မှုမတူသည့်လူများ၊ လူမျိုးအားဖြင့် ကွဲပြားသူများကို သေတပန်သက်တဆုံး အမုန်းပွားပြီး မတည်ငြိမ်သည့်အခြေအနေများကို စဉ်ဆက်မပြတ် ဖန်တီးနေတော့မှာ ဖြစ်ပါတယ်ရှင်။ ဒါကြောင့် ဆိုရှယ်မီဒီယာကိုအသုံးပြုပြီး အမုန်းတရားပြန့်ပွားအောင် ဆောင်ရွက်နေကြတဲ့သူများ လျော့ပါးသထက်လျော့ပါးလာအောင် ကြိုးပမ်းရမှာဖြစ်တဲ့အတွက် ဒေါ်ယဉ်မင်းလှိုင်တင်သွင်းတဲ့အဆိုကို ကျွန်မထောက်ခံရခြင်းဖြစ်ပါတယ်ရှင်။ Power Point Slide 2 ကို ပြောင်းပေးပါရှင်။

လေးစားတန်ဖိုးထားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများရှင့်။ ဟိန်းထက်အောင် အမည်ရှိ Account မှ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက် နံနက် ၉ နာရီ ၅၄ မိနစ်အချိန်မှာ အသက် ၁၇ နှစ်အရွယ် အမျိုးသမီးတစ်ဦးကို လူမှုကွန်ရက်ပေါ်က ဆက်သွယ်မိတဲ့ အမျိုးသားတစ်ဦးက သွေးဆောင်ဖြားယောင်းခေါ်ဆောင်သွားတဲ့အကြောင်း တင်ပြထားပါတယ်။ Power Point ကိုကြည့်စေချင်ပါတယ်။ ဒ့ါအပြင် ၂၃-၁၀-၂၀၁၇ ရက်နေ့ နံနက် ၁၀ နာရီ ၄၁ မိနစ်မှာ လူတစ်ဦးက အမျိုးသမီးပုံတစ်ပုံကို အသုံးပြုပြီး လိမ်ညာချစ်ကြိုက်ဟန်ဆောင်ပြီး အမျိုးသားများဆီက ငွေညစ်နေကြောင်း ကျော်ဇေယျအောင် Account က ဖော်ပြလာတာကို တွေ့ရှိရပါတယ်။ အခုတင်ပြခဲ့တာတွေဟာ ပြည်ထောင်စုအတွင်းမှာနေထိုင်နေကြတဲ့ ပြည်သူတွေဟာ လုံခြုံမှုမရှိတော့ဘူးဆိုတဲ့ သက်သေအထောက်အထားတွေပါပဲ။ ဒါကြောင့် လူမှုကွန်ရက်အသုံးပြုသူများကိုစောင့်ကြည့်ထိန်းမတ်ပေးစေလိုတဲ့ ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးနေခြင်းဖြစ်ပါတယ်။

လေးစားတန်ဖိုးထားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများရှင့်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ ဦးဆောင်တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရဟာ တစ်တိုင်းပြည်လုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ကြိုးပမ်းလျက်ရှိနေပါတယ်။ ငြိမ်းချမ်းရေးမရရှိဘဲ တစ်ပြည်လုံးဖွံ့ဖြိုးတိုးတက်ရေးဆိုတာ မဖြစ်နိုင်ပါဘူး။ ငြိမ်းချမ်းရေးဆိုတာကလည်း တကယ်တော့ တိုင်းပြည်အတွင်း အဆင့်မြင့်တာဝန်များထမ်းဆောင်လျက်ရှိတဲ့ ပုဂ္ဂိုလ်များတစ်ဦးကိုတစ်ဦး မေတ္တာထား ယုံကြည်မှုမြင့်မားလာမှသာ ဖြစ်နိုင်ပါတယ်။ အမျိုးသားရင်ကြားစေ့ရေးဆိုတာ ပြည်ထောင်စုအတွင်း တိုင်းရင်းသားခေါင်းဆောင်များ၊ တပ်မတော်ခေါင်းဆောင်များ၊ အစိုးရနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်များ တစ်ဦးကိုတစ်ဦး ယုံယုံကြည်ကြည်နဲ့ နိုင်ငံ့အကျိုးကိုမျှော်ကိုးပြီး လက်တွဲညီညီ

ဆောင်ရွက်လာရေးကို ဆိုလိုတာပါ။ လက်ရှိတာဝန်ယူဆောင်ရွက်နေတဲ့ နိုင်ငံတော်အစိုးရအနေနှင့် ပြည်ထောင်စုအတွင်း တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာနိုင်ရေးအတွက်ရည်စူးပြီး ဆောင်ရွက်နေချိန်မှာ ပြည်ထောင်စုသွေးချင်းတို့၏အကျိုးကို ပဓာနမထားဘဲ အာဏာကိုသာငမ်းငမ်းဖြစ်နေတဲ့ လူပုဂ္ဂိုလ်အချို့နှင့် အဖွဲ့အစည်းအချို့ဟာ တိုင်းပြည်တာဝန်ထမ်းဆောင်နေတဲ့ အဆင့်မြင့်ခေါင်းဆောင်များ တစ်ဦးကိုတစ်ဦး အထင်အမြင်လွဲစေနိုင်တဲ့ ရုပ်ပုံများ၊ စာသားများ ဖြန့်ဝေလျက်ရှိနေပါတယ်။ အဆိုပါ ရုပ်ပုံများနှင့် စာသားများကြောင့် တိုင်းပြည်အတွက် ရှုပ်ရှုပ်ချွံချွံ တာဝန်ထမ်းဆောင်နေတဲ့ ခေါင်းဆောင်များအပါအဝင် ကျွန်မတို့လို ဥပဒေပြုရေးမဏ္ဍိုင်အတွက် အလုပ်လုပ်နေတဲ့ ကိုယ်စားလှယ်များကိုပါ ပြည်သူလူထုက အထင်အမြင်လွဲမှားစေတယ်ဆိုတာကို အထူးသတိချပ်သင့်ပါတယ်။ ဥပမာအနေနဲ့ Power Point ကိုကြည့်စေချင်ပါတယ်။ ဒီအထောက်အထားအရ အထက်ပါ ထိပ်တန်းခေါင်းဆောင်ဟာ ဓာတ်ပုံတွင်ပါတဲ့အတိုင်း အမှန်တကယ်ပြောဆိုခဲ့ခြင်းရှိ/မရှိ မည်သူမှ တပ်အပ်မပြောနိုင်ပါဘူး။

အထက်ပါကဲ့သို့ ခေါင်းဆောင်များအချင်းချင်း အထင်အမြင်လွဲမှားခြင်း၊ ခေါင်းဆောင်များကို ပြည်သူလူထုက အထင်အမြင်လွဲမှားခြင်းများကို မတားဆီးနိုင်ပါက ကျွန်မတို့ တိုင်းသူပြည်သားအားလုံး လိုလားလျက်ရှိတဲ့ ငြိမ်းချမ်းရေး ပိုမိုကောင်းမွန်တဲ့နေထိုင်မှုစနစ်ဆီကို ရောက်ရှိရေး မျှော်လင့်ချက်များဟာလည်း ပျက်သုဉ်းသွားမှာဖြစ်တဲ့အတွက် ဒေါ်ယဉ်မင်းလှိုင် တင်သွင်းတဲ့အဆိုကို ပြည်သူ့လွှတ်တော်မှာ ဆွေးနွေးအတည်ပြုပြီး နိုင်ငံတော်အစိုးရနှင့် အခြားတာဝန်ရှိသည့် အဖွဲ့အစည်းများကပါ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားခြင်းဖြင့် နိုင်ငံ့တာဝန်ကို ပြည်သူ့အပေါ်မှာ ကျေပွန်ကြပါစို့လို့ မေတ္တာရှေ့ထား ပန်ကြားလိုက်ရပါတယ်ရှင်။

အချုပ်အားဖြင့်ဆိုရရင်တော့ ယနေ့ လူမှုကွန်ရက်ကိုအသုံးပြုပြီး ပြည်သူလူထုကြီးလိုလားသည့် တရားဥပဒေစိုးမိုးရေးနှင့် လူမှုဘဝလုံခြုံရေးကို နှောင့်ယှက်ဖျက်ဆီးနေသည့် သန္ဓေဆိုးသည့်ပုဂ္ဂိုလ်များ၏ ရန်ပန်အန္တရာယ်ကို လျှော့ချရန်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်က အရေးကြီးလိုအပ်နေသည့် အမျိုးသားရင်ကြားစေ့ရေးမှသည် တစ်ပြည်လုံးငြိမ်းချမ်းရေးကို နှောင့်ယှက်ဖျက်စီးနေသူများကို ရှင်းလင်းစေလိုသည့်ဆန္ဒအဖြစ်သော်လည်းကောင်း ဒေါ်ယဉ်မင်းလှိုင် တင်သွင်းတဲ့အဆိုကို ကျွန်မ ဒေါ်ခင်မို့မို့အောင်အနေဖြင့် အလေးအနက်ထောက်ခံသည့်အပြင် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ကြရန်လည်း လေးစားစွာ တိုက်တွန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံထားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃) အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါ့မယ်။ ဒေါ်ယဉ်မင်းလှိုင် တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က တင်သွင်းသော လူငယ်လူရွယ်များအကျင့်စာရိတ္တပျက်ပြားစေ

ခြင်း၊ ရပ်ရွာတည်ငြိမ်အေးချမ်းမှုပျက်ပြားစေခြင်းတို့ကြောင့် IT နည်းပညာသုံးစွဲမှုကို လိုအပ်သလို စောင့်ကြည့်ထိန်းကျောင်းနိုင်ရန် (Monitoring) ပြုလုပ်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က တင်သွင်းသောအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင်အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂၆-၁၀-၂၀၁၇ ရက်(ကြာသပတေးနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော စာရင်းအင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော စာရင်းအင်းဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၄၃)ရက်မြောက်နေ့ (၁၁-၈-၂၀၁၇ ရက်နေ့)တွင် လွှတ်တော်သို့ လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်ကို တိကျစွာရေးသားဖော်ပြ၍ ၁၅-၈-၂၀၁၇ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်း တင်သွင်းရန် တောင်းခံခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်သုံးဦးက အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆောင်ရွက်ရာမှာ ဥပဒေကြမ်း၏ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာ ဖြစ်ပါတယ်။ ယခုပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒ၊ သဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုခြင်း၊ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့်အချက်များကို အတည်ပြုခြင်းများ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ စာရင်းအင်းဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် (၂၄)ချက်ကို ဥပဒေကြမ်းကော်မတီက တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးနေမျိုးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင် မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်း ဖြစ်ပါတယ်။ စာရင်းအင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှ အတည်ပြုပေးနိုင်ရန် အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး က ပေးပို့လာသော စာရင်းအင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၆-၂-၂၀၁၇ ရက်နေ့တွင် စတင် တင်သွင်းခဲ့ပြီး ၉-၃-၂၀၁၇ ရက်နေ့တွင် အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များ ဖြင့် အတည်ပြုခဲ့ကာ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးရန် ပေးပို့လာပါတယ်။ ယင်းဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၃)ရက်မြောက်နေ့ဖြစ်သည့် ၁၁-၈-၂၀၁၇ ရက်နေ့တွင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို လွှတ်တော်သို့တင်ပြခဲ့ပြီး ပြင်ဆင်ချက်အဆိုများကို ၁၅-၈-၂၀၁၇ ရက်နေ့တွင် နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်သည့် ဦးတင်ကိုကိုဦး(ဘီးလင်းမဲဆန္ဒနယ်)၊ ဒေါ်ဝင့်ဝါထွန်း(ရွာတောမဲဆန္ဒနယ်)၊ ဒုတိယ ဗိုလ်မှူးကြီးမိုးကျော်(တပ်မတော်သားကိုယ်စားလှယ်)တို့က ပြင်ဆင်ချက်အဆိုများ တင်သွင်းခဲ့ပါ တယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်း ကော်မတီ၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြင်ဆင်ချက်အဆိုတင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ် ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၁၈-၁၀-၂၀၁၇ ရက်နေ့(ဗုဒ္ဓဟူးနေ့)တွင် ညှိနှိုင်း အစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါတယ်။ ယင်းညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်များ အရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုခဲ့သည့် အချက်များအနက် လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ကန့်လန့်ဖြတ်ဇယားဖြင့် ဖြန့်ဝေဖော်ပြထား သည့်အချက်(၂၄)ချက်ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များအတိုင်း သဘောတူလက်ခံ ခဲ့ပါတယ်။

[အမျိုးသားလွှတ်တော်၏ အတည်ပြုချက် (၂၄)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ မှ ၇ | ၂၊ ၃၊ ၇၊ ၉၊ ၁၁၊ ၁၃၊ ၁၆၊ ၂၀ | အခန်း(၁) ခေါင်းစဉ်၊ အပိုဒ် ၁ ၊ အပိုဒ် ၂ အပိုဒ်ခွဲ(ဂ) (ဃ)နှင့် (င)၊ အပိုဒ်ခွဲ(ဇ)၊ အပိုဒ်ခွဲ(ဋ)၊ အပိုဒ်ခွဲ(ဍ)၊ အပိုဒ်ခွဲ(တ)၊ အပိုဒ်ခွဲ(န) |
| (ခ) | ၉ မှ ၁၀ | ၂၄၊ ၃၀ | အခန်း(၂) ခေါင်းစဉ်၊ အပိုဒ် ၃ အပိုဒ်ခွဲ(င) |
| (ဂ) | ၁၄ | ၃၄ | အပိုဒ် ၄ အပိုဒ်ခွဲ(ခ) |
| (ဃ) | ၁၇ မှ ၁၈ | ၅၀၊ ၅၃၊ ၅၄ | အပိုဒ်၅ ၊ အပိုဒ်ခွဲ(ဋ)၊ အပိုဒ် ၆ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ) |
| (င) | ၂၁၊ ၂၂၊ ၂၄ မှ ၂၆ | ၆၁၊ ၆၄၊ ၆၉၊ ၇၂၊ ၇၅ | အပိုဒ် ၁၁ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(စ) (ဆ)နှင့် (ဇ)၊ အပိုဒ်ခွဲ(ဍ)၊ အပိုဒ်ခွဲ(ဏ)၊ အပိုဒ်ခွဲ(ဒ) |
| (စ) | ၃၂ | ၉၆ | အပိုဒ် ၂၈ အပိုဒ်ခွဲ(ခ) |
| (ဆ) | ၄၃ မှ ၄၄ | ၁၂၈၊ ၁၃၁ မှ ၁၃၃ | အပိုဒ် ၅၁၊ အပိုဒ် ၅၄၊ အပိုဒ် ၅၅၊ အပိုဒ် ၅၆ |

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူညီသည့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် (၂၄)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စာရင်းအင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် (၂၄)ချက်ကို ဥပဒေကြမ်းကော်မတီက သဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့ (၂၄)ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် စာရင်းအင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီက သဘောတူထားသည့် (၂၄)ချက်ကို အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ စာရင်းအင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ပြင်ဆင်ချက် (၁၀၉) ချက်ကို တင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဦးနေမျိုးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကျွန်တော် အထက်တွင်တင်ပြသကဲ့သို့ ပဲ ညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ ၏ ပြင်ဆင်ရန်တင်ပြချက် (၁၀၉) ချက်ရှိပါတယ်။ အဆိုပါပြင်ဆင်ရန်တင်ပြချက်ဇယားကို ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေထားပြီးဖြစ်သည့် ကန့်လန့်ဖြတ်ဇယားတွင်ပါရှိသည့် အတိုင်း ဖြစ်ပါတယ်။

[ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် (၁၀၉)ချက်မှာ အောက်ပါ အတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ မှ ၉ | ၁၊ ၄၊ ၅၊ ၆၊ ၈၊ ၁၀၊ ၁၂၊ ၁၄၊ ၁၅၊ ၁၇၊ ၁၈၊ ၁၉၊ ၂၁၊ ၂၂၊ ၂၃ | ဥပဒေခေါင်းစီး၊ အပိုဒ် ၂ ခြေဆင်း၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(စ)နှင့် (ဆ)၊ အပိုဒ်ခွဲ(ဈ)နှင့် (ည)၊ အပိုဒ်ခွဲ(ဍ)၊ အပိုဒ်ခွဲ(ဎ)၊ အပိုဒ်ခွဲ(ဏ)၊ အပိုဒ်ခွဲ(ထ)၊ အပိုဒ်ခွဲ(ဒ)၊ အပိုဒ်ခွဲ(ဓ)၊ အဆိုပြုပြဋ္ဌာန်းချက်အပိုဒ် ၂ အပိုဒ်ခွဲ(ပ)ကို ပယ်ဖျက်ခြင်း၊ အပိုဒ်ခွဲ(ပ)၊ အပိုဒ်ခွဲ(ဖ)နှင့် အပိုဒ်ခွဲ(ဗ) |
| (ခ) | ၉ မှ ၁၂ | ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၁ | အပိုဒ် ၃ အပိုဒ်ခွဲ(က)၊ အသစ်ဖြည့်စွက်ချက် အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)ကို ပယ်ဖျက်ခြင်း၊ အခန်း(၃)နှင့် အပိုဒ် ၄ တို့ကို ပယ်ဖျက်ခြင်း |
| (ဂ) | ၁၂ မှ ၁၄ | ၃၂၊ ၃၃၊ ၃၅၊ ၃၆ | အခန်း(၃) ခေါင်းစဉ်၊ အပိုဒ် ၄ အပိုဒ်ခွဲ(က)၊ အဆိုပြုပြဋ္ဌာန်း ချက် အပိုဒ် ၆ ကိုပယ်ဖျက်ခြင်း၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၇ ကိုပယ်ဖျက်ခြင်း |
| (ဃ) | ၁၄ မှ ၂၀ | ၃၇ မှ ၄၉၊ ၅၁ မှ ၅၂၊ ၅၅ မှ ၅၈ | အခန်း(၄) ခေါင်းစဉ်၊ အပိုဒ် ၅ အပိုဒ်ခွဲ(က)၊ အသစ်ဖြည့်စွက် ချက် အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(င)၊ အဆို ပြုပြဋ္ဌာန်းချက် အပိုဒ် ၈ အပိုဒ်ခွဲ(င)ကိုပယ်ဖျက်ခြင်း၊ အသစ် ဖြည့်စွက်ချက် အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဆ)၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၉ အပိုဒ်ခွဲ(ဆ)ကို ပယ်ဖျက်ခြင်း၊ အသစ်ဖြည့်စွက်ချက် အပိုဒ်ခွဲ(ဇ)၊ အပိုဒ်ခွဲ(ဈ)နှင့် အပိုဒ် ၇၊ အပိုဒ်ခွဲ(ည)၊ အပိုဒ် ၆ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(င)၊ အပိုဒ် ၁၀၊ အပိုဒ် ၈၊ အပိုဒ် ၉ |

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| (င) | ၂၀ မှ ၂၆ | ၅၉ မှ ၇၇ | အခန်း(၅)ခေါင်းစဉ်၊ အပိုဒ် ၁၁ အပိုဒ်ခွဲ(က)နှင့် (ခ)၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၃ အပိုဒ်ခွဲ(ဃ)ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၁၁ အပိုဒ်ခွဲ(ဃ)နှင့် (င)၊ အပိုဒ်ခွဲ(ဈ)၊ အပိုဒ်ခွဲ(ည)၊ အပိုဒ်ခွဲ(ဋ)၊ အပိုဒ်ခွဲ(ဌ)၊ အပိုဒ်ခွဲ(ဎ)၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၃ အပိုဒ်ခွဲ(တ)ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၁၁ အပိုဒ်ခွဲ(တ)၊ အပိုဒ်ခွဲ(ထ)၊ အပိုဒ် ၁၂ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ) |
| (စ) | ၂၇ မှ ၂၈ | ၇၈ မှ ၈၄ | အခန်း(၆)ခေါင်းစဉ်၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈ |
| (ဆ) | ၂၈ မှ ၃၀ | ၈၅ မှ ၉၁ | အခန်း(၇) ခေါင်းစဉ်၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄ |
| (ဇ) | ၃၁ မှ ၃၂ | ၉၂ မှ ၉၅၊ ၉၇ | အခန်း(၈) ခေါင်းစဉ်၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈ အပိုဒ်ခွဲ(က)၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂၉ အပိုဒ်ခွဲ(ဂ)ကိုပယ်ဖျက်ခြင်း |
| (ဈ) | ၃၂ မှ ၃၄ | ၉၈ မှ ၁၀၅ | အဆိုပြုပြဋ္ဌာန်းချက် အခန်း(၁၀)နှင့် ခေါင်းစဉ်ကိုပယ်ဖျက် ခြင်း၊ အပိုဒ် ၂၅၊ အပိုဒ် ၂၉၊ အခန်း(၁၁)ခေါင်းစဉ်ကို အခန်း(၉)ခေါင်းစဉ်အဖြစ် ပြင်ဆင်ခြင်း၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃ |
| (ည) | ၃၄ မှ ၃၈ | ၁၀၆ မှ ၁၁၄၊ | အခန်း(၁၂)ကို အခန်း(၁၀)အဖြစ်ပြင်ဆင်ခြင်း၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၄၁ |
| (ဋ) | ၃၈ မှ ၄၁ | ၁၁၅ မှ ၁၂၂ | အခန်း(၁၃)ကို အခန်း(၁၁)အဖြစ် ပြင်ဆင်ခြင်း၊ အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၄၄ ကို အခန်း(၁၂) အထွေထွေအခန်းသို့ အပိုဒ် ၄၈ အဖြစ် ပြောင်းရွှေ့ပြင်ဆင်ခြင်း၊ အပိုဒ် ၄၂ အပိုဒ် ၄၃ အပိုဒ် ၄၄ အပိုဒ် ၄၅၊ အပိုဒ် ၄၆၊ အပိုဒ် ၄၇ |
| (ဌ) | ၄၁ မှ ၄၃ | ၁၂၃ မှ ၁၂၇၊ ၁၂၉ မှ ၁၃၀ | အခန်း(၁၄) ကို အခန်း(၁၂)အဖြစ် ပြင်ဆင်ခြင်း၊ အပိုဒ် ၄၈၊ အပိုဒ် ၄၉ အပိုဒ်ခွဲ(က) (ခ)နှင့် (ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၅၀၊ အပိုဒ် ၅၂၊ အပိုဒ် ၅၃ |

မှကြမ်း

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် (၁၀၉)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ယခုကိစ္စနှင့် ပတ်သက်ပြီးတော့ သက်ဆိုင်ရာဌာနများနဲ့ ဥပဒေကြမ်းကော်မတီတို့ အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေး ပြင်ဆင်ထားတာဖြစ်တဲ့အတွက် အားလုံးသဘောတူကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စာရင်းအင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ပြင်ဆင်ချက် (၁၀၉) ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် စာရင်းအင်း ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် (၁၀၉)ချက်သည် တရားဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စာရင်းအင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုသွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ဒါကြောင့် စာရင်းအင်းဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့ စာရင်းအင်းဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်(ကြာသပတေးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၁၁း၂၀ နာရီအချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ (၂၅.၁၀.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



ဦးနေမျိုးထက်
(ကျောက်တံတား မဲဆန္ဒနယ်)



ဦးသက်နိုင်ဦး
(ရေဖြူ မဲဆန္ဒနယ်)



ဦးအောင်ကျော်ကျော်ဦး
(လှိုင် မဲဆန္ဒနယ်)



ဦးအုန်းခင်
(ပုလော မဲဆန္ဒနယ်)



ဒေါက်တာအောင်ခင်
(ပြင်ဦးလွင် မဲဆန္ဒနယ်)



ဦးသန်းလင်းလင်း
(မယ်စဲ့ မဲဆန္ဒနယ်)



ဒေါက်တာ ထွန်းနိုင်
( လျှပ်စစ်နှင့်စွမ်းအင် ဒုဝန်ကြီး)



ဦးကျော်မျိုး
( ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဒုဝန်ကြီး)

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်